မကျီးကုန်းကျေးရွာ

ပုသိမ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေး အထောက်အကူပြု ဇယားများ

(၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မကျီးကုန်းကျေးရွာ၊ ပုသိမ်မြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၂ - ၂၃) ရက်

# မာတိကာ


မာတိကာ

**အခန်း (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ ၁**

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၁

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား ၁

ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၅

ဇယား ၄ ဓါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ ၅

ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ ၆

ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ ၇

ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ ၇

ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ ၈

ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု ၉

**အခန်း (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ ၁၁**

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ ၁၁

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ၁၂

ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု ၁၂

ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ ၁၃

ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း ၁၄

ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု ၁၄

ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ ၁၅

ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ ၁၆

ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ ၁၇

ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ ၁၈

ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ ၁၉

ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ ၂၀

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ ၂၁

ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ ၂၂

ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း ၂၃

ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ ၂၅

ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ ၂၅

ဇယား ၂၇ ပညာရေး နှင့် စာတတ်မြောက်မှု ၂၆
ဇယား ၂၈ ကျောင်းတက်နှုန်း ၂၇
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ နှင့် လက်လှမ်းမှီမှု ၂၇
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ ၂၈
ဇယား ၃၁ အဖြစ်များသော ရောဂါများ ၂၉
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ ၂၉
ဇယား ၃၃ သောက်သုံးရေ ရရှိမှု ၃၀
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ ၃၁
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ ၃၁
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး ၃၂
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ ၃၂
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ ၃၃
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ ၃၃
ဇယား ၄၀ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ ၃၃
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု ၃၄
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ ၃၅
**အခန်း (၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၃၆**
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ ၃၆
ဇယား ၄၄ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၃၉
**အခန်း (၄) ဦးစားပေးစီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်မည့် ကာလ ၄၂**
ဇယား ၄၅ (က) ဦးစားပေး စီမံကိန်းများ ၄၂
ဇယား ၄၅ (ခ) စီမံကိန်း ကာလ ၄၅
ဇယား ၄၅ (ဂ) ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၄၆
**အခန်း (၅) ဖွံ့ဖြိုးရေးကွင်းဆက် ၄၇**
ဇယား ၄၆ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၄၇

## **အခန်း (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

### **၁.၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| **အသက်အုပ်စု** | **ကျား** | **မ** | **စုစုပေါင်း** | **စုစုပေါင်း၏ %** | **ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ** |
|---|---|---|---|---|---|
| ၁ နှစ်အောက် | | ၁ | ၁ | ဝ.၃ | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၁၃ | ၇ | ၂ဝ | ၅ | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၉ | ၃ | ၁၂ | ၃ | မူလတန်းကျောင်းသားအရွယ် |
| ၁ဝ နှစ်မှ ၁၄နှစ် | ၁၆ | ၁၃ | ၂၉ | ၇.၈ | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅ နှစ်မှ ၆ဝ နှစ် | ၁၅၂ | ၁၄၉ | ၃ဝ၁ | ၈၁ | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆ဝ နှစ် နှင့် အထက် | ၄ | ၄ | ၈ | ၂ | သက်ကြီးရွယ်ကြီး |
| **စုစုပေါင်း** | **၁၉၄** | **၁၇၇** | **၃၇၁** | **၁ဝဝ** | |
| **အိမ်ထောင်စုပေါင်း = ၉၂** | | **၄ ဦး / အိမ်ထောင်စု** | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂ဝ၁၅ နှစ်) မှ ရယူပါသည်။

မကျီးကုန်းကျေးရွာတွင် အိမ်ထောင်စု (၉၂) စု ရှိပြီး၊ လူဦးရေစုစုပေါင်း (၃၇၁) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄) ဦး ရှိပါသည်။ အသက် (၁၅ နှစ် မှ ၆ဝ နှစ်) အထိ အလုပ်လုပ် နိုင်သော လူဦးရေမှာ (၈၁) % ရှိပြီး (၁၅) နှစ်အောက် လူဦးရေ နှင့် အသက် (၆ဝ) နှစ် အထက် လူဦးရေ စုစုပေါင်း (၁၉) % သည် မှီခိုသူများ ဖြစ်ကြပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦး နှုန်းထက် လျော့နည်းနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေ သည် (၈၁) ရာနှုန်းရှိသောကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာ ဖွံ့ဖြိုး တိုးတက် ရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။

### **၁.၂ အလုပ်လုပ်နိုင်သူ အင်အား**

ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

| **စဉ်** | **လုပ်ငန်းများ** | **အဓိက အလုပ်အကိုင်** | | **တွဲဖက် အလုပ် အကိုင်** | **မှတ်ချက်** |
|---|---|---|---|---|---|
| | | **အိမ်ထောင်စု** | **%** | | |
| **၁** | ***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၉ | ၅၃.၂၆ | ဝ | လယ် - ၄၉ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၉ | ၁၃.ဝ၄ | ဝ | လယ်ယာမြေအနည်းငယ်သာ ရှိသော သူများမှာလည်း ကျေးရွာ၏ လယ်ယာလုပ်ငန်းတွင် ရာသီအလိုက် နှင့် ကျဘမ်း |

| | | | | | |
|---|---|---|---|---|---|
| | | | | | လုပ်ငန်းကိုသာ အဓိက ထား၍ လုပ်ကိုင်ကြသည်။ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၂ | *တိရစ္ဆာန် မွေးမြူရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၄၀ | တစ်ပိုင်တစ်နိုင် မွေးမြူရေး လုပ်ငန်းကို စိုက်ပျိုးရေး နှင့် တွဲဖက် လုပ်ကိုင်ကြသည်။ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၃ | *ငါးဖမ်း လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃.၂၆ | ၀ | အသေးစား ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများ ဖြစ်ကြသည်။ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၄ | *သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၅ | *ထုတ်ကုန်လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၆ | *လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၇ | *ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄.၃၄ | ၀ | ပန်းရံ၊ လက်သမားဆရာ - ၄ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၈ | *ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |

| | | | | | |
|---|---|---|---|---|---|
| ၉ | *ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁.ဝ၈ | ၃ | ဆံပင်ညှပ်ဆိုင် - ၁<br>အပ်ချုပ်ဆိုင် - ၃ (စိုက်ပျိုးရေး လုပ်ငန်းကို အဓိက လုပ်ကိုင်သည်) |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ဝ | ဝ | ဝ | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၁ဝ | *လက်လီ-လက်ကား ရောင်းဝယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅.၄၃ | ဝ | ကုန်စုံဆိုင်ငယ်များ- ၅ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ဝ | ဝ | ဝ | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၁၁ | *ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ဝ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ဝ | ဝ | ဝ | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၁၂ | *ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၇.၆ဝ | ဝ | ဆိုင်ကယ်တက်စီ - ၇ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ဝ | ဝ | ဝ | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၁၃ | *ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ဝ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ဝ | ဝ | ဝ | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၁၄ | *အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ဝ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ဝ | ဝ | ဝ | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၁၅ | *ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ဝ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ဝ | ဝ | ဝ | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၁၆ | *ပညာရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၆.၅၂ | ဝ | ပညာရေး ဝန်ထမ်း - ၆ |

| | | | | | |
|---|---|---|---|---|---|
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၇ | *ကျန်းမာရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၈ | *လူမှုရေး လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၉ | *အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၈ | ၅.၄၃ | ၁၆ | မိသားစုလိုက်ရွှေ့ပြောင်း လုပ်ကိုင်သူ နှင့် စင်္ကာပူ၊ ထိုင်း၊ မလေးရှားတို့တွင် လုပ်ကိုင်သူများ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၂၀ | *ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| | **စုစုပေါင်း** | **၉၂** | **၁၀၀** | **၅၆** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မကျီးကုန်းကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ စုစုပေါင်းမှာ (၃၀၁) ဦးဖြစ်ပြီး ကျား (၁၅၁) ဦး နှင့် မ (၁၅၀) ဦး ရှိသောကြောင့် ကျားမ လုပ်သားအင်အား အချိုးတူညီပါသည်။ မကျီးကုန်း ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း (လယ်လုပ်ငန်း) ဖြစ်ပြီး လုပ်ကိုင်ကြသူမှာ (၄၉) အိမ်ထောင်စုရှိပြီး စုစုပေါင်း အိမ်ထောင်စု၏ (၅၃) ရာခိုင်နှုန်း ရှိပါသည်။ ဝန်ထမ်းအဖြစ် လုပ်ကိုင်နေသူ (၆) ဦး ရှိပြီး ပညာရေးဝန်ထမ်းများ ဖြစ်ကြပါသည်။ ကျေးရွာအတွင်း ကုန်စုံဆိုင်ငယ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ (လက်ဖက်ရည်ဆိုင်၊ ဆံသဆိုင်၊ သယ်ယူပို့ဆောင်ရေး၊ ပွဲစား စသည့်) တွင် လုပ်ကိုင်နေကြသူ အိမ်ထောင်စုမှာ (၈) အိမ် ရှိပြီး (၉) ရာခိုင်နှုန်း ရှိပါသည်။ ပန်းရံ၊ လက်သမား လုပ်ငန်းဖြင့် အိမ်ထောင်စု (၄) စု အသက်မွေး နေကြပြီး၊ အပ်ချုပ်လုပ်ငန်း လုပ်ကိုင်သူ (၃) ဦး လုပ်ကိုင်ကြပြီး၊ ကျေးရွာအိမ်ထောင်စု (၂၇) ရာခိုင်နှုန်းမှာ

ကျေးရွာ၏ လယ်လုပ်ငန်း၊ ဈေးဆိုင် နှင့် အခြားဒေသများသို့ (စက်ဘူ၊ ထိုင်း၊ မလေးရှား) ရွှေ့ပြောင်းလုပ်ကိုင်သူများ ဖြစ်ကြပါသည်။

## ၁.၃ သဘာဝ အရင်းအမြစ်များ

### ၁.၃.၁ စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေး နိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၅၈၉ | ကောင်း | ရ | မကျီးကုန်းချောင်း၊ ဖောက်ချောင်းနှင့် ငဝန်မြစ် |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ရွှေ့ပြောင်း တောင်ယာ | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | မရှိ | | | |
| အခြား(ရာဘာ) | | | | |
| **စုစုပေါင်း** | ၅၈၉ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မှတ်ချက်**။ ။ရေရရှိသည့် နေရာ အမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ။

မကျီးကုန်းကျေးရွာ၏ စိုက်ပျိုးမြေ အားလုံးမှာ လယ်မြေများသာ ဖြစ်ပါသည်။ လယ်မြေဧက (၅၈၉) ဝန်းကျင်ခန့်ရှိပြီး ဧက (၄၀၀) ကျော်မှာ ရေနက်ကွင်းများ ဖြစ်ပါသည်။ ထို့ကြောင့် ရေကြီးရေမြုပ် ဒဏ်ခံ ရာသီစပါးများ ဖြစ်သော ပေါ်ဆန်းရင်၊ နံ့ကားမြီးကောက်မျိုးများကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ နွေစပါးကို စိုက်ဧက အားလုံးနီးပါး ပြန်လည် စိုက်ပျိုးကြသည်။ သွင်းရေကို မကျီးကုန်းချောင်း၊ ဖောက်ချောင်းနှင့် ငဝန်မြစ်တို့မှ သွင်းယူကြပါသည်။

### ၁.၃.၂ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | မရှိ |
| ခဲမဖြူ | မရှိ | မရှိ |
| **အခြားသဘာဝအရင်းအမြစ်** | | |

| အမျိုးအစား | ရရှိနိုင်မှု<br>(များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု<br>(လွယ်/ခက်/ လက်လှမ်းမမှီ) |
| --- | --- | --- |
| တိရိစ္ဆာန်မျိုးစိတ်များ | မရှိ | မရှိ |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)ဆင်တုံးမနွယ် | ရှိ | လွယ်ကူ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မကျီးကုန်းကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝ အရင်းအမြစ်များ ထွက်ရှိမှု မရှိပါ။ သို့သော် လည်း ဆေးဖက်ဝင် အပင်ဖြစ်သည့် ဆင်တုံးမနွယ်ပင်များ ပေါပေါများများ ပေါက်ရောက်သော ကြောင့် ကျန်းမာရေး အတွက် ဆေးဘက်ဝင်အပင်များ ပေါက်ရောက်သည့် ဒေသတစ်ခုဟု ဆို နိုင်သည်။

## ၁.၄ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
| --- | --- | --- | --- | --- |
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲ သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | လယ်မြေ (၂၀ ဧကအထက်) | လယ်မြေ (၁၀ဧက နှင့် ၂၀ ဧကကြား) | လယ် (၁၀ ဧက အောက်)၊မြေပိုင် မရှိ | စိုက်ပျိုးမြေပိုင်မရှိ |
| အိမ်အခြေအနေ | သွပ်မိုး၊ပျဉ်ထောင် (သို့)တိုက်ခံ၊ ပျဉ်ခင်း | ဓနိမိုး၊ ပျဉ်ခင်း | ဓနိမိုး၊ဓနိကာ၊ ပျဉ်ခင်း | ဓနိမိုး၊ဓနိကာ၊ ဝါးခင်း |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လယ်ထွန်စက်၊ မြက်ရိတ်စက်၊ ရေစုပ်စက်၊စပါး ခြွေစက်၊ဆန်စက် | ရေစုပ်စက်၊စပါး ခြွေစက်၊နွား | ကျွဲ၊နွား | မရှိ |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ဆိုင်ကယ်၊တီဗွီ | ဆိုင်ကယ်၊တီဗွီ | စက်ဘီး | မရှိ |
| အခိုကစီးပွားရေး တနှစ် ဝင်ငွေ | ဝင်ငွေများ (ပိုလျှံ) | အလယ်အလတ် | လောက်ငှရုံ | ကြွေးတင် |
| အခြားပိုင်ဆိုင်မှု | များ | အလယ်အလတ် | အနည်းငယ် | မရှိ |
| စုစုပေါင်း | **၅%<br>၅ အိမ်ထောင်စု** | **၁၉%<br>၁၇ အိမ်ထောင်စု** | **(၃၆) % ၃၃<br>အိမ်ထောင်စု** | **၄၀%<br>၃၇ အိမ်ထောင်စု** |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မကျီးကုန်းကျေးရွာတွင် (က) အဆင့် အဆင်ပြေသော အိမ်ထောင်စု (၅) အိမ်၊ (ခ) အဆင့် အလယ်

အလတ် အိမ်ထောင်စု (၁၇) အိမ်၊ (ဂ) အဆင့် ဆင်းရဲသော အိမ်ထောင်စု (၃၃) အိမ်၊ (ဃ) အလွန်ဆင်းရဲသော အိမ်ထောင်စု (၃၇) အိမ် ရှိပါသည်။

## ၁.၅ ထိခိုက်လွယ်မှု

### ၁.၅.၁ ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၆၇ | ၉၅.၇ | ငွေတိုးချေးစားသူများထံမှ ချေးယူခြင်း (၃ ကျပ် တိုး၊ ၇ ကျပ်တိုး၊ ၁၀ ကျပ်တိုး/ လတိုး) ဖြင့်၊ သမဝါ ယမငွေချေး အဖွဲ့မှ ငွေချေးခြင်း၊ မြန်မာစိုက်ပျိုးရေး ဘဏ်မှ ငွေချေးခြင်း |
| ၃ လနှင့် ၅ လ အထိ | ၃ | ၄.၃ | ငွေတိုးချေးစားသူများထံမှ ချေးယူခြင်း (၃ ကျပ် တိုး၊ ၇ ကျပ်တိုး၊ ၁၀ ကျပ်တိုး / လတိုး) ဖြင့်၊ သမဝါယမငွေချေးအဖွဲ့မှ ငွေချေးခြင်း |
| ၆ လ မှ ၁၂ လ အထိ | ၀ | ၀ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မကျီးကုန်းကျေးရွာတွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု (၇၀) စု ရှိသည့်အနက် (၆၇) အိမ်ထောင်စု မှာ (၁-၂) လအထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၃) အိမ်ထောင်စုမှာ (၃ - ၅) လ အထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ကြပါသည်။ ရေကြီးနှစ်မြုပ်သည့် ကာလများတွင် ထမင်းလျှော့စားဖူးကြောင်းကို စားနပ်ရိက္ခာဖူလုံမှု ဆန်းစစ်ချက် ရလဒ်အရ သိရပါသည်။ မြေယာမဲ့ ကျဘမ်းသမားများမှာ ငွေတိုးချေးစားသူများထံမှ ချေးယူခြင်း၊ အခြားသော အချိန်များတွင်မူ ခေါက်ပြန်ကြွေးယူခြင်းဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။

### ၁.၅.၂ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀ နှစ်နှင့် အထက် | မိသားစုစောင့်ရှောက်မှုမရှိ | ၀ | ၀ | ၀ |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ | ၀ | ၀ | ၀ |
| | | အိမ်ထောင်စုအရေအတွက် | | |
| အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု | ဆင်းရဲ၍ မိသားစုဦးရေများ | ၃ | | |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍ မိသားစုဦးရေများ | ၁ | | |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် | ၀ | | |

| | နေထိုင်လုပ်ကိုင်နေသူ | |
|---|---|---|

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဆင်းရဲ၍ မိသားစုဦးရေများသော အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၃) စု ရှိပါသည်။ ထိုင်းနယ်စပ်နှင့် အခြားနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သူ (၁၆) ဦးရှိပြီး အဆိုပါ ရွှေ့ပြောင်းလုပ်သားများမှ ဝင်ငွေ ရရှိနေသော အိမ်ထောင်စု (၈) စု ရှိပါသည်။

## ၁.၅.၃ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | စပါးစိုက်ပျိုး ထုတ်လုပ်သူ အများစု နေထိုင် ခြင်း။ လုံလောက်မှု အသင့်အတင့် ရှိသည်။ |
| ၂ | သဘာဝအရင်းအမြစ် ရှားပါးမှု (မြေ၊စိုက်ပျိုးရေ...) | နိမ့် | လယ်မြေဧက ပေါများ၍ နွေစပါးစိုက်ပျိုးရန် အတွက် သွင်းရေရနိုင်မည့် ချောင်းများ ပေါ များပါသည်။ |
| ၃ | ရေကြီးခြင်း | နိမ့် | |
| ၄ | မိုးခေါင်ခြင်း | နိမ့် | မရှိပါ။ |
| ၅ | မုန်တိုင်း | နိမ့် | အပြင်းအထန်ကြုံတွေ့ခဲ့ဖူးခြင်းမရှိပါ။ |
| ၆ | ငလျင် | နိမ့် | |
| ၇ | မီးဘေး | နိမ့် | |
| ၈ | ဆားငံရေဝင်မြေ | နိမ့် | လွန်ခဲ့သော ၂၀၁၅ ခုနှစ် နွေစပါး စိုက်ပျိုး ရာသီတွင် ရေငန်ဝင်ရောက်မှုကို ၁၄ ရက် ခန့် ကြုံတွေ့ခဲ့ရသည်။ |
| ၉ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် | သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် ဝန်းကျင်ခန့်တွင် ဝဝန်မြစ်ကမ်းပါးရှိ လယ်မြေ (၅) ဧကခန့် သာ ပြိုကျခဲ့ပါသည်။ |
| ၁၀ | သစ်တောပြုန်းတီးခြင်း | နိမ့် | သစ်တောမြေမရှိ၊ |
| ၁၁ | ငှက်ဖျားရောဂါ | နိမ့် | မရှိ |
| ၁၂ | တီဘီရောဂါ | နိမ့် | မရှိ |
| ၁၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | မရှိ |
| ၁၄ | ပြည်တွင်းနေရပ်စွန့်ခွါ ရွှေ့ပြောင်းခံရသူများ(IDP) | နိမ့် | မရှိ |
| ၁၅ | လူကုန်ကူးခြင်း | နိမ့် | မရှိ |
| ၁၆ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲ စသည် | နိမ့် | ပုသိမ်မြို့နှင့် (၇) မိုင် အကွာအဝေးတွင် တည်ရှိခြင်း |

| | | | |
|---|---|---|---|
| ၁၇ | အခြား | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## ၁.၅.၄ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | မရှိပါ |
| ၂ | အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | ရေကြီးသည့်နှစ်များတွင် အလုပ်လည်း မရှိ၊ သိုလှောင်ထားသော စားနပ်ရိက္ခာလည်း မရှိသဖြင့် အခက်အခဲနှင့် ရင်ဆိုင်ရခြင်း။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသား တောင်သူ | လတ် | |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျ ရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသ | လတ် | ရေဘေးအန္တရာယ်နှင့် ကြုံတွေ့လျှင် အိမ်ထောင်စု ထက်ဝက်ခန့် ကြုံတွေ့ရနိုင်သည်။ |
| ၅ | မြစ်ကမ်းဘေးနေလူထု | လတ် | |
| ၆ | မတော်မမှုဖြစ်နိုင်ခြေများသေ ာနေရာ (Prone to accident) | နိမ့် | မရှိပါ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြေ ာင်းခံရသူများ(IDP) | နိမ့် | မရှိပါ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | လတ် | ရေဘေးအန္တရာယ် နှင့် ကြုံတွေ့လျှင် အိမ်ထောင်စုထက်ဝက်ခန့်ကြုံတွေ့ရနိုင် သည်။ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | မရှိပါ |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | မရှိပါ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာ | နိမ့် | မရှိပါ |
| ၁၃ | နယ်စပ်ဒေသ | နိမ့် | မရှိပါ |
| ၁၄ | ရွှေတွင်းလုပ်သား | မရှိ | မရှိပါ |
| ၁၅ | ဆေးစွဲသူများ | မရှိ | မရှိပါ |
| ၁၆ | ကူးစက်ရောဂါ ရနိုင်ခြေရှိသော သူများ | နိမ့် | မရှိပါ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရေ ာင်းသူများ | မရှိ | မရှိပါ |
| ၁၈ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | ကူးစက်ရောဂါများ ကူးစက်ခံရခြင်းမရှိသေး သော်လည်းရေရှည်တွင်အခြားသို့သွားရောက် လုပ်ကိုင်သူများ၍ သွားရောက်သည့် ဒေသ များမှာလည်း နယ်ပယ်စုံ (မြဝတီ၊ထိုင်း၊ စင်္ကာပူ၊ မလေးရှား) စသည် |

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၉ | ကားသမား | | |
| ၂၀ | အခြား | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စုများသည် အခြားမိသားစုများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင်သာ အများအားဖြင့် မှီခိုအားထားရသည်ဖြစ်ရာ ဘေးအန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့ရပါက ပြန်လည်ထူထောင်ရန် ခက်ခဲပါသည်။

ထို့ပြင်ရေကြီးမှုသည် ကျေးရွာ၏အနိမ့်ပိုင်းတွင် နေထိုင်သော လယ်သမားမိသားစုများ၏ အသက်မွေးဝမ်းကျောင်း ဖြစ်သည့် လယ်ယာလုပ်ငန်းများတွင် ထိခိုက်နိုင်သဖြင့် ပြန်လည်ထူထောင်ရန် ခက်ခဲ နိုင်ပါသည်။

## ၂. လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### ၂.၁ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ

#### ၂.၁.၁ ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင် ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်းသူ များ (၄/၅) | စွမ်းဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | လမ်းတံတား အဖွဲ့ | ၂ | ၂၅ | ၀ | ၂၅ | ဖွံ့ဖြိုးရေး | ၄ | ၆ |
| ၂ | ရပ်မိ၊ ရပ်ဖ အဖွဲ့ | ၂ | ၅ | ၀ | ၅ | သာရေး နာရေး | ၄ | ၆ |
| ၃ | မိဘဆရာ အသင်း | ၂ | ၈ | ၁၀ | ၁၈ | ပညာရေး | ၄ | ၇ |
| ၄ | ဂေါပက အဖွဲ့ | ၃ | ၃ | ၁၇ | ၂၀ | ဘာသာရေး | ၄ | ၆ |
| ၅ | မီးသတ်အဖွဲ့ | ၂ | ၁၅ | ၀ | ၁၅ | မီးဘေးကြိုတင် ကာကွယ်ရေး | ၅ | ၈ |
| ၆ | မိခင်ကလေး | ၂ | ၀ | ၁၅ | ၁၅ | အမျိုးသမီး အရေး | ၅ | ၈ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မှတ်ချက်။**

**အုပ်စု အမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင် ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှု အခြေအနေ**

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

**ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းရှိ အဖွဲ့များ**

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများမှာ ရပ်မိရပ်ဖအဖွဲ့၊ လမ်းတံတားအဖွဲ့၊ ဂေါပကအဖွဲ့၊ မိဘဆရာ အသင်း၊ မီးသတ်အဖွဲ့၊ မိခင်နှင့်ကလေးအဖွဲ့ စသည်ဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး ကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။ စာရင်းဇယား မှတ်တမ်း

မှတ်ရာ ထားရှိမှုမှာလည်း အသင့်အတင့် ကောင်းမွန်ပါသည်။ အုပ်ချုပ်ရေးမှူးမှ စာရင်းဇယားများကို ထိန်းသိမ်းထားပါသည်။ အဖွဲ့အစည်းဆိုင်ရာ သင်တန်းများ၊ စာရင်းရေးသွင်းနည်း သင်တန်းများ ပို့ချနိုင်ရန် အဆိုပြုကြပါသည်။

### ၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇/၈) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | ပက်-မြန်မာ | ၂ | စိုက်ပျိုးရေး နှင့် ရိုးရိုးချေးငွေများ ထုတ်ချေးခြင်း |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူ့မှုအဖွဲ့အစည်း

(၄)ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

ကျေးရွာနှင့် အဆက်အသွယ် ပြုနေသော ပြင်ပ အဖွဲ့အစည်းများတွင် ပက်-မြန်မာ ငွေကြေး ဝန်ဆောင်မှု အဖွဲ့တို့မှ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ချေးငွေများကို ထုတ်ချေးပေးနေပါသည်။

## ၂.၂ စီးပွားရေး နှင့် အသက်မွေးမှု အခြေအနေ

### ၂.၂.၁ သီးနှံထုတ်လုပ်ရေး

#### ၂.၂.၁.၁ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၄၃ | ၄၇% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် (၁ ဟက် တာထိ) | ၂ | ၂% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧက မှ ၅ ဧကထိ | ၁၀ | ၁၁% | တောင်သူငယ် |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| | (၂ ဟတ်တာ ထိ) | | | |
| ၄ | ၅ ဧက မှ ၁၂.၅ ဧကကြား (၅ဟတ်တာထိ) | ၁၉ | ၂၁% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် (၅ဟတ်တာနှင့် အထက်) | ၁၈ | ၁၉% | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | **၉၂** | **၁၀၀ %** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

တောင်သူလယ်သမားမိသားစု အရေအတွက်သည် ကျေးရွာအိမ်ထောင်စုအားလုံး၏ ထက်ဝက် ကျော်ခန့်ရှိသဖြင့် စပါးထုတ်လုပ်မှုနှင့် လယ်သမားမိသားစုများ၏ ဝမ်းစာဖူလုံမှုများကို အကျိုး ဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

ဆင်းရဲသားကျဘမ်း မိသားစုများသည် လယ်ယာလုပ်ငန်းခွင်တွင် နေ့စားလုပ်သားများ အဖြစ် ဝင်ရောက် လုပ်ကိုင်ကြခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများကို ရရှိစေပါသည်။ စပါးအခြေခံ ထုတ်လုပ်မှု အဆင့်ဆင့် (ဆန်ကြိတ်ခွဲမှု၊ အရောင်းအဝယ် စသည်) အတွက်လည်း အကျိုးအမြတ် ရရှိစေပါသည်။

### ၂.၂.၁.၂ အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက် ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် | | | မရှိပါ |
| ၂ | ရေလွှဲဆည် | | | မရှိပါ |
| ၃ | မြစ်ရေတင်စီမံကိန်း (ချောင်းရေ) | | ၅၈၉ | ချောင်းရေကို ရေတင်စနစ်ဖြင့် သုံး၍ နွေစပါး စိုက်ပျိုးသည်။ တစ်နှစ်ပတ်လုံး ရရှိပါသည်။ |
| ၄ | ဆည်မြောင်း | | | မရှိပါ |
| ၅ | အဝီစိတွင်း | | | မရှိပါ |
| ၆ | လက်ငင် ရေတွင်း | | | မရှိပါ |
| ၇ | စိမ့်စမ်းရေ | | | မရှိပါ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နွေစပါးစိုက်ပျိုးခြင်းကို မကျီးကုန်းချောင်း၊ ဖောက်ချောင်း နှင့် ငဝန်မြစ်တို့မှ ရေတင် စိုက်ပျိုး ကြပါသည်။ သွင်းရေကို လုံလုံလောက်လောက် ရရှိနိုင်ရန် ဖောက်ချောင်း ကိုယ့်အားကိုယ်ကိုး တူးမြောင်းအား ပြန်လည် တူးဖော်မည်ဆိုလျှင် နွေစပါးစိုက်ဧက အပြည့်အဝ စိုက်ပျိုး လာနိုင်မည်

ဖြစ်ပြီး တစ်ဧကအထွက်နှုန်းပါ တိုးတက် လာမည် ဖြစ်ပါသည်။ နွေစပါးသည် တောင်သူများ အထွက်နှုန်း တက်လာရန် စိတ်တိုင်းကျ ပြုပြင် အားထည့် စိုက်ပျိုးလိုသည့် သီးနှံဖြစ်သည့် အတွက် နွေစပါးစိုက်တောင်သူများသည် ၎င်းတို့အတွက် အခက်အခဲ တစ်ရပ် ဖြစ်နေသော အဆိုပါ ဖောက်ချောင်းအား ပြန်လည်တူးဖော်ခြင်းဖြင့် ကျော်လွှား ဖြေရှင်းလိုခြင်း ဖြစ်ပါသည်။

### ၂.၂.၁.၃ အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု | | | သီးနှံ စိုက်ပျိုးသည့် ကာလ | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ် /မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ် /မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | | | | |
| စပါး (မိုး) | ၅၈၉ | တင်း | ၃၀ | ၅၀ | ၄၀ | ဇူလိုင် | မြင့် | နည်း | |
| စပါး (နွေ) | ၅၈၉ | တင်း | ၆၀ | ၁၀၀ | ၈၀ | နိုဝင်ဘာ | မြင့် | လတ် | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မကျီးကုန်း ကျေးရွာတွင် အဓိက စိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး မိုးရာသီ စိုက်ပျိုးရာတွင် ရေနက်ကွင်းများ ဖြစ်၍ ရေနစ်ဒဏ်ခံနိုင်သော ရာသီစပါးများကိုသာ စိုက်ပျိုးနိုင်သဖြင့် မြေဆီဩဇာကောင်းမွန်သော်လည်း အထွက်နှုန်း နည်းပါးပါသည်။ လယ်သမားများသည် လက်ရှိ အထွက်နှုန်း နည်းပါးသော ရာသီစပါးမျိုးများ နေရာတွင် အထွက်နှုန်းကောင်းမွန်သော စပါးအထွက်ကောင်းမျိုးများကို အစားထိုးအသုံးပြုလိုသော်လည်း လက်ရှိ အထွက်ကောင်းမျိုးများသည် ရေကြီးနစ်မြုပ်မှု ဒဏ်ကို ခံနိုင်ရည် မရှိသဖြင့် အောင်မြင်မှု မရှိပါ။ အနည်းငယ်မြင့်သော ကုန်းကျသည့် လယ်မြေများတွင် အထွက်ကောင်း စပါးမျိုးဖြစ်သည့် သီးထပ် ရင်၊ မနောသုခ၊ ဧရာမင်း စသည့်တို့ကို ထည့်သွင်းစိုက်ပျိုးကြပါသည်။ နွေစပါးမျိုး ရရန်လည်း ရည်ရွယ် စိုက်ပျိုးကြခြင်း ဖြစ်ပါသည်။

နွေစပါးတွင်မူ စပါးထွက်ရှိချိန်တွင် ကုန်သည်များ၏ ဈေးနှုန်းနိမ့်၍ ဝယ်ယူခြင်း၊ တောင်သူလယ်သမားများ၏ ၎င်းတို့ထံတွင်ရှိသော သွင်းအားစုကြွေး၊ စပါးရိတ်သိမ်းခများ၊ ချေးငွေဘဏ်ကြွေးများ ပေးဆပ်နိုင်ရန်အတွက် ဈေးကောင်းမည့် အချိန်ကို မစောင့်ဆိုင်းနိုင်ပဲ အကြွေးကျေရန် ရောင်းချရသဖြင့် အကျိုးအမြတ် မကျန်ရှိခြင်း ဖြစ်ပါသည်။

### ၂.၂.၁.၄ လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | | | |
| ရိတ်သိမ်းစက် | | | |

| | | | |
|---|---|---|---|
| လက်တွန်းထွန်စက် | ၁၈ | | ကိုယ်ပိုင် ပိုင်ဆိုင်မှုများဖြစ်ကြပြီး တောင်သူကြီးများ ပိုင်ဆိုင်ကြပါသည်။ |
| ခြွေလှေ့စက် | ၂၂ | | |
| ရေစုပ်စက် | ၄၈ | | |
| ခြေနင်းရေတင်စက် | | | |
| မျိုးစေ့ချစက် | | | |
| မြက်ရိတ်စက် | ၁ | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လယ်ယာလုပ်ငန်းတွင် ကျွဲ၊ နွား သုံးစွဲမှု မရှိတော့ သလောက် အခြေအနေဖြစ်ပြီး ဧကများသော တောင်သူကြီး၊ တောင်သူလတ်များသည် လက်တွန်းထွန်စက်များ၊ ရေစုပ်စက် နှင့် စပါး ခြွေလှေ့စက်များကို ပိုင်ဆိုင်ကြပါသည်။ မိုးစပါး နှင့်နွေစပါး နှစ်သီး စိုက်သော ကျေးရွာဖြစ်၍ စက်အင်အားဖြင့် အားကိုး စိုက်ပျိုးကြခြင်း ဖြစ်ပါသည်။

### ၂.၂.၁.၅ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ) | ရှိ | စပါးကို နှစ်သီး စိုက်ပျိုးထုတ်လုပ် နိုင်ပါသည်။ |
| ရေအရင်းအမြစ် | ရှိ | နွေစပါးအတွက် စိုက်ပျိုးရေ အလုံအလောက် ရရှိ ပါသည်။ |
| သဘာဝမြေဆွေး၊ ဩဂဲနစ် | ရှိ | နွားချေးမြေဩဇာကို လယ်မြေများထဲသို့ ထည့်သွင်းခြင်း၊ ကောက်ရိုးဆွေးများ ထည့်သွင်းခြင်း စသည့် စနစ်များကို ကျင့်သုံးနေဆဲ ဖြစ်ပါ သည်။ |
| ဩဂဲနစ်ပိုးသတ်ဆေး | ရှိ | တောင်သူများ မည်သို့အသုံးချရမည်ကို မသိရှိ၍ အလုမ်းဝေးနေဆဲဖြစ်ပါသည်။ |
| ဈေးငွေရရှိမှု | ရှိ | မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ယူရရှိ နေသော် လည်း ဧက သတ်မှတ်ချက် ၊ ထုတ်ချေး ငွေပမာဏ နှင့် ချေးငွေကာလ တို့အပေါ် ပြင်ဆင် လျှင် ပိုမို အကျိုး ရှိပါ မည်။ |
| သွင်းအားစုဈေးကွက် | ရှိ | စိုက်ပျိုးရေးကုမ္ပဏီများမှ ဓါတ်မြေဩဇာ၊ မျိုးစေ့ စသည်တို့ အတွက် လာရောက် ရင်းနှီး လုပ်ကိုင်ခြင်း မရှိသေးပါ။ |
| ဝန်ဆောင်မှုဈေးကွက် | မရှိ | |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | ရှိ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နွေစပါး စိုက်ပျိုးရန်အတွက် သွင်းရေလုံလောက်မှုသည် အဓိကကျသော အခွင့်အလမ်းတစ်ခုဖြစ်ပြီး အချို့သော ကျေးရွာများရှိ စိုက်ပျိုးရေးသွင်းအားစုများကို ကူညီပံ့ပိုးပေးနိုင်သည့် ဇရာပုသိမ်

ကဲ့သို့သော ကုမ္ပဏီများနှင့် ချိတ်ဆက်နိုင်မည်ဆိုလျှင် လယ်သမားများ စပါးထုတ်လုပ်မှုတွင် အဆင်ပြေလာမည် ဖြစ်ပါသည်။ သို့သော်လည်း ချေးငွေနှင့် ဆက်နွယ်သော ပြင်ပအကူအညီများသည် အတိုးနှုန်း နည်းပါးပြီး နှစ်ရှည်ချေးငွေအမျိုးအစားများ ဖြစ်ကြပြီး အရင်းဖွဲ့ဆပ်ခွင့် ရနိုင်မှသာ လယ်သမားများသည် ၎င်းတို့၏ လယ်ယာလုပ်ငန်းခွင်တွင် တိုးမြှင့် ထုတ်လုပ်နိုင်သည့် နည်းစနစ်များကို ကျင့်သုံးလာနိုင်မည်မှာ အသေအချာပင်ဖြစ်ပါသည်။

### ၂.၂.၁.၆ သီးနှံထုတ်လုပ်မှု အတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | မရှိ | |
| ငွေကြေးအရင်းအနှီး လက်လှမ်းမီမှု | ရှိ | |
| သွင်းအားစု တတ်နိုင်မှု | ရှိ | |
| ကျွမ်းကျင်လုပ်သားရှားပါးမှု | မရှိ | |
| ဆည်မြောင်းရေရရှိမှု | မရှိ | |
| မိုးရေမလုံလောက်မှု | မရှိ | |
| စိုက်ပျိုးရေးသွင်းအားစုများ အချိန်မှီ အသုံးပြုနိုင်မှု | ရှိ | |
| ဖျက်ပိုးနှင့်ရောဂါ | မရှိ | |
| နည်းပညာအကူအညီ နှင့် နည်းလမ်းများ | ရှိ | |
| ဈေးကွက် လက်လှမ်းမီမှု | မရှိ | |
| အစိုးရမူဝါဒနှင့် အစီအစဉ် | မရှိ | |
| အခြား(၁) | | |
| အခြား(၂) | | |
| အခြား(၃) | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မကျီးကုန်းကျေးရွာသည် စပါးကို နှစ်သီးစိုက်ပျိုးသည့် ကျေးရွာတစ်ခုဖြစ်၍ မိုးစပါး အမြန်ရိတ်သိမ်းနိုင်ရန် လိုအပ်ပါသည်။ စပါးဈေးနှုန်းနိမ့်ခြင်း၊ ကောက်ရိတ်ခ ဈေးနှုန်းကြီးမြင့်ခြင်း၊ မြေကြီး စိုစွတ်မှု များ၍ ရိတ်သိမ်းစက်များ ဝင်ရောက်ရာတွင် မြေကျွံသည့် ပြဿနာရှိခြင်းတို့ကြောင့် နွေစပါးစိုက်ပျိုးချိန် နောက်ကျလေ့ရှိသည့် အခက်အခဲများ ကြုံတွေ့ရပါသည်။ နွေစပါးစိုက်ချိန် နောက်ကျသည့် လယ်များတွင် နောက်ပိုင်း ရေသွင်းရသည့် အကြိမ်များတွင် ရေငန်နှင့် ကြုံတွေ့ရသဖြင့် စပါးအထွက်ကို များစွာ ထိခိုက်စေပါသည်။ ထို့ကြောင့် မိုးစပါး ရိတ်သိမ်းရာတွင် ဒေသနှင့် ကိုက်ညီသော ရိတ်သိမ်းစက်များကို သင့်တော်သော ဈေးနှုန်းများဖြင့် ငှားရမ်း အသုံးပြုနိုင်မည်ဆိုလျှင် လယ်သမားများ နောက်စပါးကို အချိန်မီ စိုက်ပျိုးနိုင်ကြပါမည်။

လယ်ယာလုပ်ငန်းအတွက် ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရရှိသော်လည်း ချေးငွေ

ပမာဏကို တစ်ဧကမှ တစ်ဆယ်ဧကအထိသာ သတ်မှတ်ထားခြင်းကြောင့် လယ်ဧက များသော လယ်သမားများ မှာ စိုက်ပျိုးစရိတ်အတွက် အခက်ကြုံရပါသည့်အပြင် ချေးငွေကာလကို ကာလတို သတ်မှတ်ထားခြင်းကြောင့် စပါးပေါ်သည်နှင့် အချိန်ကြာ လှောင်ထားနိုင်ခြင်းမရှိပဲ ကျဆင်းနေသော စပါးဈေးနှုန်းဖြင့် အမြန်ထုတ်ရောင်းရသောကြောင့် များစွာ နစ်နာမှု ရှိပါသည်။

ချေးငွေရရှိနိုင်မည့် အစိုးရဘဏ်များမှ ချေးငွေကာလကို နှစ်ရှည်ချေးပေးနိုင်လျှင်သော်လည်း ကောင်း၊ အစိုးရ အသိအမှတ်ပြုဘဏ်တစ်ခုခုတွင် မိမိတို့ပိုင်ဆိုင်သလောက် ချေးငွေ ထုတ်ပေး နိုင်မည့် အခြေအနေများ ရှိလာမည်ဆိုလျှင် အကျိုးအမြတ်များ ပိုမိုဖြစ်ထွန်းလာစေမည်ဖြစ်ပါသည်။

## ၂.၂.၂ မွေးမြူရေး လုပ်ငန်း

### ၂.၂.၂.၁ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၂၁ | စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသူများသာ ခိုင်းနွား အဖြစ် မွေးမြူကြသည်။ |
| မြင်း | | |
| ကျွဲ | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၁ | |
| ကြက် | ၁၇ | တနိုင်တပိုင် စားသုံးရန်နှင့် ပိုလျှံပါက ရောင်းချ ရန်မွေးမြူကြသည်။ |
| ဘဲ | ၅ | တနိုင်တပိုင်စီးပွားရေး လုပ်ငန်း အဖြစ်သာ မွေးမြူ ကြသည်။ |
| အခြား | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ရေချိုငါးဖမ်းလုပ်ငန်း | ၄ | ဝေါန်မြစ်ထဲတွင် ငါးသလောက်၊ ငါးတန်များကို ဖမ်းဆီး ကြသည်။ |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မွေးမြူရေးလုပ်ငန်း**ကို တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်ကြပြီး အများစုမှာ ဝက်၊ ဗမာကြက်၊ ဘဲ၊ နွား၊

ကျွဲ တို့ကို မွေးမြူကြပါသည်။ တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းများအနက် ကျေးရွာရှိ အိမ်ထောင်စု အများစုအတွက် အရေးအပါဆုံးမှာ ဝက်မွေးမြူရေးပင် ဖြစ်သည်။ အစာဖိုး ဈေးကြီးသောကြောင့် အများအပြား မွေးမြူနိုင်မှသာ အကျိုးအမြတ် ပိုကျန်နိုင်ပေမည်။ မွေးမြူရေးလုပ်ငန်းတွင် အဓိက အခက်အခဲမှာ ဝက်နာ၊ ကြက်နာ များ ဖြစ်ပွားလေ့ရှိခြင်းပင် ဖြစ်သည်။ ထိုပြဿနာကို ကျော်လွှား နိုင်ရန်မှာ တိရစ္ဆာန်ရောဂါကျရောက်မှု နှင့် ပက်သက်သော ဗဟုသုတနှင့် မွေးမြူရေးဆိုင်ရာ နည်းပညာများ သိရှိရန် လိုအပ်နေခြင်းပင် ဖြစ်သည်။ ရွာသူရွာသားများမှ တစ်ပိုင်တစ်နိုင် မွေးမြူခြင်းအတွက် စိတ်အားထက်သန်မှုများရှိပြီး ချေးငွေနှင့် မွေးမြူရေးနည်းပညာများသာ ရရှိနိုင်ပါက တိရစ္ဆာန်အမယ်စုံ မွေးမြူလာနိုင်မည် ဖြစ်ပါ သည်။

**ငါးလုပ်ငန်း** အဖြစ် အိမ်ထောင်စု လေးစုမှ ၄ဝန်မြစ်အတွင်းတွင် ငါးသလောက်၊ ငါးတန်များကို တစ်ပိုင်တစ်နိုင် ပိုက်ချဖမ်းယူခြင်းဖြင့် အသက်မွေးမှုပြုကြပါသည်။ ငါးဖမ်းကာလမှာ တော်သလင်း လ မှ တန်ခူးလအထိ (၇) လတိုင် ရေသယံဇာတ ငါးများ ဖမ်းယူရရှိနိုင်ပါသည်။ အရင်းအနှီး လိုအပ် ချက်မှာ (၂ - ၃) သိန်း ဝန်းကျင်ဖြစ်သည်။ ဆင်းရဲသားမိသားစုများအတွက် ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုမှုကို ခက်ခဲစေသော အကြောင်းအရင်းတစ်ခုလည်း ဖြစ်သည်။ ဖမ်းယူ ရရှိလာသော ငါးများကို ကျေးရွာအုပ်စုအတွင်းနှင့် ပုသိမ်မြို့ပေါ်တွင် သွားရောက် ရောင်းချ ကြပါသည်။ လိုင်စင်ခ ပေးဆောင်ရခြင်းမှာ တစ်နှစ်လျှင် (၅၀၀၀ - ၆၀၀၀) ကျပ် ဖြစ်ပါသည်။ မွေးမြူရေး နှင့် ရေလုပ်ငန်း ဆိုင်ရာ ဈေးကွက် အခြေအနေကို စနစ်တကျ သိရှိလို ကြသည်။

### ၂.၂.၂.၂ မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | |
| ရေရရှိမှု | |
| တိရိစ္ဆာန်မျိုး | ဝက်၊ ကြက်၊ ဘဲ၊ နွား၊ ကျွဲ |
| ချေးငွေ | ချေးငွေပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်လိုခြင်း |
| သွင်းအားစုဈေးကွက် | |
| ဝန်ဆောင်မှုဈေးကွက် | ကာကွယ်ဆေး ထိုးနှံရန် အတွက် ပုသိမ် မွေး/ကုဦးစီးဌာနနှင့် ချိတ်ဆက်နိုင်ခြင်း |
| ထုတ်ကုန်ရောင်းဝယ်မှု | ကျေးရွာ အုပ်စုအတွင်း၊ ပုသိမ်မြို့ ဈေးကွက်သို့ အလွယ်တကူ ရောင်းချနိုင်ခြင်း |
| အိမ်ခြံဝင်းအတွင်း မြေနေရာရှိမှု | အိမ်ခြံဝင်းများ အတော်အသင့် ကျယ်ဝန်းသဖြင့် တနိုင်တပိုင် မွေးမြူရေး အတွက် အဆင်ပြေပါသည်။ |
| အခြား(၁) | လိုင်စင်ခ ပေးဆောင်ရခြင်းမှာ တစ်နှစ်လျှင် - ၅၀၀၀ -၆၀၀၀ ကျပ် |
| အခြား(၂) | |
| အခြား(၃) | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

### ၂.၂.၂.၃ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

| **ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေလက်လှမ်းမှီမှု | သင့်တင့်သော အတိုးနှုန်းဖြင့် ထုတ်ချေးသော ချေးငွေစနစ် မရှိခြင်း၊ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကြက် နှင့် ဝက်တွင် အဖြစ်များပါသည်။ တိရိစ္ဆာန် ကျန်းမာရေး အသိပညာနည်းပါးခြင်း နှင့် ကာကွယ်ဆေး အချိန်မှီစွာ မထိုးနှံ ခြင်းကြောင့် ဖြစ်ပါသည်။ |
| သွင်းအားစုဈေးကွက် | မရှိပါ |
| ဝန်ဆောင်မှုဈေးကွက် | ပုသိမ် မွေး/ကု ဦးစီးဌာန၊ |
| ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက် | ကျေးရွာ အုပ်စုအတွင်း၊ ပုသိမ်မြို့ ဈေးကွက်သို့ အလွယ်တကူ ရောင်းချနိုင်ခြင်း |
| မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ | မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ ဗဟုသုတ အလွန် နည်းပါးပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပညာပေး အစီအစဉ်များ ရယူရန် လိုအပ်ပါသည်။ |
| စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်လက်လှမ်းမှီမှု | |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် လက်လှမ်းမှီမှု | ငဝန်မြစ်အတွင်း အလွယ်တကူ ဖမ်းဆီးနိုင်ခြင်း |
| ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု | ၂ - ၃ သိန်း ဝန်းကျင်သာ ကုန်ကျနိုင်သည်။ |
| အရင်းအနှီးလက်လှမ်းမှီမှု | မရှိပါ |
| အခြား | လိုင်စင်ခ ပေးဆောင်ရခြင်းမှာ တစ်နှစ်လျှင်( ၅၀၀၀ - ၆၀၀၀ ကျပ်) |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာ၏ မွေးမြူရေးလုပ်ငန်း တိုးတက်ရန်အတွက် နည်းပညာနှင့် ရောဂါကာကွယ်ထိန်းချုပ်ရန် အထူး လိုအပ်ပါသည်။ တိရစ္ဆာန်ကျန်းမာရေး အကျိုးတော်ဆောင်မရှိပါ။ အခြားရွာမှ လာရောက်ပြီး ဝန်ဆောင်မှုပေးသော်လည်း အရေးပေါ် အခြေအနေများတွင် လုံလောက်မှုမရှိပါ။ ကျေးရွာမှ နည်းပညာ ဝန်ဆောင်မှု နှင့် သင်တန်းများ တက်ရောက်ချင်ပါသည်။

စီးပွားဖြစ် အသားတိုးဝက် မွေးမြူရန်အတွက် စိတ်ဝင်စားသော မိသားစု (၃) ဦး ရှိပါသည်။ တစ်ပိုင်တစ်နိုင် မွေးမြူလိုသူ (၁၅) ဦးခန့် ရှိပါသည်။ ခေတ်မီနည်းပညာနှင့် အရင်းအနှီး လိုအပ်နေပါသည်။ ပက်-မြန်မာအဖွဲ့ ရှိသော်လည်း (၁၄) ရက် တစ်ကြိမ် အရစ်ကျ ပြန်လည် ပေးဆပ်ရသောကြောင့် အနည်းဆုံး(၈) လခန့်မွေးမြူမှသာ ရောင်းချပြီးငွေပေါ်နိုင်သည့် ဝက်မွေးမြူရေး လုပ်ငန်းအတွက် အဆင်မပြေကြပါ။ အခြားငွေစု အဖွဲ့များမှ ကာလရှည် ချေးငွေ ရရှိနိုင်ပါက အဆင်ပြေနိုင်ပါသည်။

ရေလုပ်သားတစ်ဦးလျှင် လုပ်ဖက်ကိရိယာအတွက် စုစုပေါင်း (၃၀၀,၀၀၀) ကျပ် လိုအပ်ပါသည်။ ကာလရှည် ဈေးငွေရရှိနိုင်ပါက ရေလုပ်ငန်းဖြင့် အသက်မွေးသော မိသားစုများအတွက် စားဝတ်နေရေး အဆင်ပြေ နိုင်ပါသည်။

### ၂.၂.၃ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

### ၂.၂.၃.၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၄ | | ၁၅ | လတ် (ပန်းရံ၊ လက်သမား ဆရာ - ၄) |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၄ | | | နိမ့် (ဆံပင်ညှပ်ဆိုင် - ၁)<br>လတ် ( အပ်ချုပ်ဆိုင် - ၃) |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၅ | | | လတ် (ကုန်စုံဆိုင်ငယ်များ- ၅) |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | ၇ | | | လတ် (ဆိုင်ကယ်တက်စီ - ၇) |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး) | | | | |
| ၁၃ | ပညာရေး | | ၆ | | လတ် (ပညာရေး ဝန်ထမ်း -၆) |
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၆ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | | ၁၆ | နိမ့် - လတ် (မိသားစုလိုက်ရွှေ့ပြောင်း လုပ်ကိုင်သူ နှင့် စင်္ကာပူ၊ ထိုင်း၊ မလေးရှား တို့တွင် လုပ်ကိုင်သူများ) |
| ၁၇ | ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | **၂၀** | **၆** | **၃၁** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျဘမ်းလုပ်သားများသည် အများအားဖြင့် ဝင်ငွေရရှိရန် ကျေးရွာ၏အဓိက စိုက်ပျိုးရေးလုပ်ငန်း အပေါ်တွင်သာ မှီခို နေပါသည်။ ကောက်စိုက်ချိန်နှင့် ကောက်ရိတ်ချိန်တွင်သာ အလုပ်အကိုင် ပေါများပါသည်။ မြဝတီ၊ မလေးရှား၊ စင်္ကာပူ၊ ထိုင်းစသည့် အခြားဒေသများသို့ သွားရောက် လုပ်ကိုင်သူ အိမ်ထောင်စု (၁၆) စု နှင့် နီးစပ်ရာ ပုသိမ်မြို့သို့ သွားရောက်လုပ်ကိုင်သူ အိမ်ထောင်စု အရေအတွက် မှာ ကျေးရွာ၏ (၅၀) ရာခိုင်နှုန်းခန့် ဖြစ်သည်။ များသောအားဖြင့် အရောင်းစာရေး၊ ဆောက်လုပ်ရေး ကုမ္ပဏီများအထည်ချုပ်စက်ရုံတို့တွင် လုပ်ကိုင်ကြသည့် အရေအတွက်မှာ များသည်။

ဘွဲ့ရအများစုမှာ ပညာရေးဝန်ထမ်း အလုပ်ကို အများဆုံးလုပ်ကိုင်ကြပြီး တခြားဒေသတွင် တာဝန်ကျသဖြင့် သွားရောက်လုပ်ကိုင်နေကြသည်။ ကျေးရွာတွင်း အခြားဝင်ငွေရလုပ်ငန်း အနေဖြင့် ဝန်ထမ်း၊ ဆိုင်ကယ်ပြင်၊ ဈေး ရောင်း၊ လက်ဖက်ရည်ဆိုင်၊ ဆံညှပ်၊ စက်ချုပ်၊ လက်သမား၊ ပန်းရံ၊ ဆိုင်ကယ် အငှားလိုက်ခြင်း နှင့် ပို့ဆောင်ရေး ဝန်ဆောင်မှု တို့ကို လုပ်ကိုင်ကြသည်။

### ၂.၂.၃.၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ

| အခွင့်အလမ်းများ | ပြဿနာနှင့်အခက်အခဲများ |
|---|---|

| | |
|---|---|
| ပုသိမ်မြို့ နှင့် (၁၁) မိုင်ခန့်သာ ကွာဝေးခြင်း (စက်ရုံ၊ အလုပ်ရုံ စသည့် အလုပ်များကို လုပ်ကိုင်နိုင်ခြင်း | ပုသိမ်မြို့သို့ နေ့ချင်းပြန် အလုပ်သွားရောက် လုပ်ကိုင်ရန် ရွာချင်းဆက်လမ်း မကောင်းမွန်မှုကြောင့် လုပ်ကိုင်ရန် ခက်ခဲခြင်း |
| စိတ်ပါဝင်စားသည့်လူငယ်၊ လူရွယ်များရှိခြင်း | အသက်မွေးဝမ်းကြောင်းပညာများလက်လှမ်းမီမှု အားနည်းခြင်း |
| ငွေချေးသည့်အဖွဲ့အစည်းများရှိနေခြင်း(ပက်-မြန်မာ၊ သမဝါ ယမ၊ စသည်) | တနိုင်တပိုင် (သို့) အစုအဖွဲ့ဖြင့် ဆောင်ရွက်သော ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရန် စွန့်စားတီထွင် လိုစိတ်နည်းခြင်း (မိရိုးဖလာ ကျဘမ်း အလုပ်ကိုသာ အာရုံစိုက်၍ လုပ်ကိုင်ကြခြင်း) လုပ်ငန်းစတင်လုပ်ကိုင်နိုင်သောချေးငွေကိုမရရှိခြင်း။ |
| အစိုးရဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများနှင့်ချိတ် ဆက်မှုရှိခြင်း | ဈေးကွက်ဆိုင်ရာနည်းပညာများကိုမသိရှိခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

စိုက်ပျိုးရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ အတွက် အလုပ်အကိုင် အခွင့်အလမ်း အလွန်နည်းပါးသည့်အပြင် ဒေသနှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်မှုမှာ လည်း နည်းပါး ပါသည်။ အထူးသဖြင့် အမျိုးသမီးများမှာ တိုင်းဒေသကြီးမြို့တော် (ပုသိမ်) နှင့် နီးသဖြင့် အားလပ်ချိန်များတွင် လုပ်ဆောင်နိုင်သည့် ဖန်စီအိတ်များ၊ သော့ချိတ်များ ထိုးခြင်း၊ ပဝါ ၊ တဘက် အစရှိသည်တို့ လုပ်ကိုင်နိုင်သော နည်းပညာများ၊ စက်ချုပ်သင်တန်းများ၊ မုန့်လုပ်သင်တန်းများ ရရှိပါက ဝင်ငွေ တိုးပွားနိုင်ပါသည်။ အမျိုးသားများအတွက် စက်ပြင်သင်တန်းများ၊ ကားပြင်-ဆိုင်ကယ်ပြင် ကဲ့သို့သော လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် နည်းပညာသင်တန်းများ လိုအပ်ပါသည်။

ထို့အပြင် အစုအဖွဲ့နှင့် အသေးစားကုန်ထုတ် ရောင်းချနိုင်သော အဖွဲ့များ လုပ်ဆောင်ရန်လည်း နည်းပညာ မရှိပါ။ အတိုးနှုန်း သက်သာစွာဖြင့် ငွေထုတ်ချေးနိုင်သည့် ချေးငွေဝန်ဆောင်မှုများမှာ ကျေးရွာတွင်းတွင် ရှိသော်လည်း ထုတ်ချေးသည့် ငွေပမာဏမှာ အရင်းအနှီးလုပ်ရန် မလုံလောက်ပေ။ လုပ်ငန်းတစ်ခုကို စတင်တည်ထောင်ရာတွင် သတိပြုရမည့် ဈေးကွက်ဆိုင်ရာ ဗဟုသုတလည်း မရှိချေ။

ထို့ကြောင့် မကျီးကုန်းကျေးရွာ၏ အခြားဝင်ငွေတိုးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်မှာ စွန့်စား တီထွင်မှုများကို အားပေးမှုများနှင့် သရုပ်ပြမှုများပြုလုပ်ခြင်း၊ စုပေါင်းလုပ်ဆောင်တတ်သည့် အလေ့ အထများကို ပြုစုပျိုးထောင်ပေးခြင်း၊ ဈေးကွက်ဆိုင်ရာ နည်းပညာသင်တန်းများပေးခြင်း၊ အသက် မွေးဝမ်းကျောင်း သင်တန်းများကို လုပ်ကိုင်စားသောက်နိုင်သည့် ကျွမ်းကျင်မှုရသည်အထိ သင်ကြား ပေးခြင်း၊ လုံလောက်သော ချေးငွေရရှိရန် ချိတ်ဆက်တင်ပြခြင်းတို့ကို ဆောင်ရွက်ပေးရန် လိုအပ် ပါသည်။

## ၂.၃ ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမှီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး (ကီလိုမီတာ) | ကြက်ပေါင်ကျေးရွာ (၂.၄ ကီလို) | ပုသိမ် (၁၂ကီလိုမီတာ) (မြို့မဈေး၊ ရွှေပြည်သာဈေး |

| | | |
|---|---|---|
| သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် ၎င်း၏အထောက်အပံ့များ | ကား၊ဆိုင်ကယ်၊စက်ဘီး | ကား၊ဆိုင်ကယ်၊စက်ဘီး |
| ကုန်စည်အမျိုးအစား နှင့် ဝန်ဆောင် ပေးနိုင်မှု | အဝတ်အထည်၊ အစားအသောက်ရနိုင် | အားလုံးရနိုင် |
| ဈေးအခြေခံ အဆောက်အဦး နှင့် ဝန်ဆောင်မှု | မရှိ | မြို့မဈေး (၅ ရုံ၊ ၉၆၃ ခန်း)၊ ကမ်းနားဈေး၊ ဘူတာဈေး၊ ကုလားကုန်းဈေး၊ ကြက်တူရွေး စာပင်ဈေး (ဈေးလေး)၊ ဧရာမင်းဈေး |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာတွင်းမှ ဒေသထွက်ကုန် စပါး၊ ဟင်းသီးဟင်းရွက်များ (ချဉ်ပေါင်၊ ပီလော၊ ကန်စွန်း) အစ ရှိသည်တို့ကို ကျေးရွာတွင်းနှင့် ပုသိမ်သို့ တင်ပို့ရောင်းချကြပါသည်။ ပုသိမ်မြို့နှင့် (၇ မိုင်ခွဲ) သာ ကွာဝေးပြီး အရေးပေါ် လိုအပ်ချက်များနှင့် လိုအပ်ချက် ကြီးကြီးမားမား အတွက် ပုသိမ်သို့ပင် သွားရောက်၍ ဝယ်ယူကြပါသည်။

ပုသိမ်မြို့ဈေးကွက်မှာ ပိုမို၍ ရောင်းချရန်နှင့် ဝယ်ယူရန် အဆင်ပြေ ချောမွေ့ပါသည်။ ဈေးအခြေခံ အဆောက်အဦးမှာ ကောင်းမွန်ပြီး ဈေး (၆) ဈေး ရှိပါသည်။ လွတ်လပ်စွာ ဝယ်ယူရရှိနိုင်ပြီး လက်လီ၊ လက်ကား ဝယ်ယူ နိုင်ပါသည်။ ဒေသထွက်ကုန်(စပါး) တို့ကို ပုသိမ်မြို့ ဆန်စက်များ၊ ဒိုင်များသို့ သွင်းကြသည်။ ကျေးရွာမှ ပုသိမ်မြို့သို့ ဆိုင်ကယ်ဖြင့်သွားလျှင် (၄,၀၀၀)ကျပ် ခန့် ကုန်ကျပါသည်။

## ၂.၄ ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း

| ချေးငွေရရှိနိုင်သည့် နေရာ | ငွေကြေးဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ် ရမည့် ကာလ | အတိုးနှုန်း | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေ ရရန် အခက် အခဲများ |
|---|---|---|---|---|---|
| မြန်မာ့လယ်ယာဖွံ့ဖြိုး တိုးတက်ရေး ဘဏ် | ချေးငွေ | ၇ လ | ၀.၄၂ % | ပုံစံ (၇) | သတ်မှတ်ထားသောစည်းမျဉ်း စည်းကမ်း အတိုင်း |
| အစိုးရအဖွဲ့ (သမဝါ ယမ) | စုငွေ၊ ချေးငွေ | ၆ လ | ၁.၁၅ % | အိမ်ထောင်စုစာရင်း (မိတ္တူ)၊ မှတ်ပုံတင် (မိတ္တူ) | |
| ပုဂ္ဂလိကဘဏ် | | | | | |
| ပုဂ္ဂလိကအသေးစား ချေးငွေဝန်ဆောင်မှုကဏ္ဍ | ချေးငွေ၊စုငွေ | ၂ပတ်တစ်ကြိမ် ပြန်ဆပ်ရန် (၁ နှစ်လျှင်အကြေဆပ်) | ၂.၅ % | ၅ ဦး တစ်ဖွဲ့ ဖွဲ့စည်းခြင်း | သတ်မှတ်ထားသောစည်းမျဉ်း စည်းကမ်း အတိုင်း |
| အဖွဲ့အလိုက် ငွေစု/ငွေချေး အစီအစဉ် | | | | | |

| ငွေချေးပေးသူ | ချေးငွေ | ကန့်သတ်ချက် မရှိ (နှစ်ဦး သဘောတူညီ သည့်အတိုင်း) | ၅ % | မလိုအပ်ပါ | ယုံကြည် သူမှ သာ ချေး |
|---|---|---|---|---|---|
| အပေါင်ဆိုင် | | | | | |
| မိတ်ဆွေနှင့်ဆွေ မျိုးများ | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်** မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ဧကလျှင် (၁၀၀,၀၀၀) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးငွေမှာ (၁,၀၀၀,၀၀၀) ကျပ် ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၄၂) ကျပ်နှုန်း ဖြစ်ပြီး လတိုးဖြစ်သည်။ ထုတ်ချေးသည့်ကာလမှာ (၇) လ ဖြစ်သည်။

### သမဝါ ယမ ဦးစီးဌာန

သမဝါယမအဖွဲ့မှ ငွေထုတ်ချေးသည့် အစီအစဉ်များလည်း ရှိပါသည်။ ထိုအဖွဲ့၏ ပုံစံမှာ အဖွဲ့ဝင်ဖြစ်မှသာ ထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန် (၅,၀၀၀) ကျပ် စုရသည်။ စိုက်ပျိုးရေး နှင့် ကျဘမ်း ဟူ၍ ငွေထုတ်ချေးသည့် ပုံစံ (၂) မျိုး ရှိပါသည်။ အတိုးနှုန်းလည်း မတူချေ။ ငွေပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ် တွင် (၁၀၀,၀၀၀) ကျပ် ထုတ်ချေးနိုင်ပါသည်။

### Pact-Myanmar

ပက်-မြန်မာ ငွေကြေးဝန်ဆောင်မှုအဖွဲ့အနေဖြင့် ကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည်မှာ (၃) နှစ်ခန့် ရှိပြီ ဖြစ်သည်။ စိုက်ပျိုးရေး ချေးငွေနှင့် ကျဘမ်းများအား ချေးသည့် ရိုးရိုးချေးငွေ ဟူ၍ နှစ်မျိုး ရှိသည်။ စိုက်ပျိုးရေးချေးငွေမှာ ပထမနှစ်တွင် (၂၀၀,၀၀၀) ကျပ်ဖြစ်ပြီး ရိုးရိုးချေးငွေမှာ (၈၀,၀၀၀)ကျပ် ဖြစ်သည်။ စိုက်ပျိုးရေး ချေးငွေရရှိရန် ပုံစံ (၇) လိုအပ်သည်။ ချေးငွေသက်တမ်း ကြာလသည်နှင့်အမျှ ငွေ ပမာဏ တိုးမြှင့်၍ ချေးယူနိုင်ပါသည်။

သို့ရာတွင် ကျဘမ်း မိသားစုများအနေဖြင့် ပုံမှန် ဝင်ငွေရ လုပ်ငန်းများ မရှိခြင်း၊ ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်းပညာများ မရှိခြင်းတို့ကြောင့် (၁၄) ရက်တစ်ကြိမ် ပြန်လည်ပေးဆပ်ရသည့် ပုံစံအတွက် ငွေချေးရန် အခက်အခဲရှိနေပါသည်။

## ၂.၅ သဘာဝဘေးအန္တရာယ်လျှော့ချခြင်း အပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲမှု

### ၂.၅.၁ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာကြွယ်ဝမှု | နိမ့် | လက်ရှိအခြေအနေတွင် မရှိသေးသော်လည်း နောင်တစ်ချိန်တွင် ဓါတုအခြေခံ သွင်းအားစု များ ထည့်သွင်းခြင်းကြောင့် မြေဆီလွှာများ ပျက်ဆီးမှုများ ကြုံတွေ့ ရနိုင်ပါသည်။ |
| အပင်မျိုးစိတ်များ | နိမ့် | |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | အသင့်အတင့် | စပါးတွင် ဖျက်ပိုးကျရောက်မှု |
| ရေအရင်းအမြစ် | နိမ့် | |
| ငါးမျိုးကွဲများ | နိမ့် | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့် | စိုက်ပျိုးမြေများ ချဲ့ထွင်လာခြင်းကြောင့် တိရိစ္ဆာန်မျိုးကွဲများ ရှင်သန်ရန် နေရာ ရှားပါး လာပါသည်။ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | နိမ့် | |

ရည်ညွှန်း ‥ ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

စိုက်ပျိုးမြေများတွင် မြေဆီသြဇာ ကြွယ်ဝမှု ကောင်းမွန်နေသော်လည်း တစ်နှစ်ကို စပါးနှစ်သီး စိုက်ပျိုးခြင်း၊ အထွက်ကောင်းစပါးမျိုးများကို စိုက်ပျိုးလာခြင်းကြောင့် ဓာတုမြေသြဇာသုံးစွဲမှု မြင့်မားလာသည့်အတွက် နောင်တစ်ချိန်တွင် မြေဆီလွှာပျက်ယွင်းမှုများ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ရှိပါသည်။ ငါးမျိုးစုံ ရရှိမှုမှာ ယခင်အတိုင်းပင် ရှိနေသေးသော်လည်း ရရှိမှု နည်းပါးလာပါသည်။ လူနေထူထပ်လာမှုကြောင့် သဘာဝ သယံဇာတဖြစ်သည့် ငါးအပေါ်တွင် မှီခိုမှု များပြားလာခြင်း၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်နိုင်သည့် မြေအများအပြား မရှိခြင်းတို့ကြောင့် ငါးရှားပါးခြင်းနှင့် ဈေးနှုန်းကြီးမြင့်မှုများ ကြုံတွေ့ရပါသည်။

## ၂.၅.၂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

| အမျိုးအစား | အန္တရာယ်ဖြစ်နိုင်ခြေ (နည်း/လတ်/များ) | ဖော်ပြချက်/ ရှင်းလင်းချက် | လက်ရှိဘေးအန္တရာယ်လျှော့ချရေး အလေ့အကျင့်များ |
|---|---|---|---|
| ရေလွှမ်းမိုးခြင်း | များ | ဝါထပ်သောနှစ်များနှင့် မြန်မာနိုင်ငံအလယ်ပိုင်းတွင် ရေကြီးပါ က ရေကြီးရေလျှံမှုများဖြစ်ပေါ်လေ့ရှိသည် | မရှိသေးချေ၊ ရေကြီးလာပါက မြင့် ရာနေရာများသို့ ရွှေ့ပြောင်း နေထိုင်ကြသည်။ |
| မီးဘေး | နည်း | တစ်ခါတရံမျှသာ ဖြစ်လေ့ ရှိသည်။ | မီးသတိပြုဆိုင်းဘုတ်များ ကပ်ခြင်း၊မီးကို အချိန်နှင့် သုံးစွဲခြင်း၊ မီးချိတ်၊ မီးကဒ်၊ ရေ၊ သဲအိတ်များ |

| | | | |
|---|---|---|---|
| | | | ထား ရှိခြင်း။ |
| မုန်တိုင်း | လတ် | လွန်ခဲ့သော (၁၉၇၅) ခုနစ် တွင် တိုက်ခဲ့သည့် လေပြင်း မုန်တိုင်းမှ လွဲလျှင်မုန်တိုင်း အသေးစား လေးများသာ တိုက်ခတ်ပါသည်။ | သတင်းများကိုနားထောင်ခြင်း၊ အရေးပေါ် အထုပ်များ ပြင်ဆင်ထားခြင်း |
| ငလျှင် | နည်း | တစ်ခါတရံ ဖြစ်ပွားပါသည် | မရှိပါ |
| မိုးခေါင်ခြင်း | နည်း | ရံဖန်ရံခါတွင် မိုးခေါင် တတ်သည်။ | မရှိပါ |
| အအေး လှိုင်း | နည်း | ရံဖန်ရံခါတွင်ဖြစ်ပေါ်လေ့ရှိသည် ။ဆိုးဆိုးရွားရွားထိခိုက် ခံစားရခြင်းမရှိချေ | မရှိပါ |
| ပဋိပက္ခ | နည်း | | မရှိပါ |
| တိရိစ္ဆာန် ရောဂါ ဖြစ်ပွါးမှု | လတ် | ကြက်နာ၊ ဝက်နာ၊ ဘဲဝွပြဲနာ များ ဖြစ်လေ့ရှိ | မရှိပါ |
| လူရောဂါ ဖြစ်ပွါးမှု | လတ် | အဖျားအနာနှင့်သွေးလွန်တုပ်ကွေးဖြစ်လေ့ရှိ | မြို့နယ်မှ ကျန်းမာရေး ပညာပေးဟောပြောပွဲများလာရောက် ကျင်းပပေးပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## ၂.၆ ပညာရေး

### ၂.၆.၁ ပညာရေး နှင့် စာတတ်မြောက်မှု

ဇယား (၂၇) ပညာရေး နှင့် စာတတ်မြောက်မှု

| အတန်းပညာတက်ရောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့် အထက်လူဦးရေ % |
|---|---|---|---|---|
| လုံးဝကျောင်းမနေသူများ | ၀ | ၀ | ၀ | ၀ % |
| ဘာသာရေးအခြေပြုပညာရေး | ၂၁ | ၂၀ | ၄၁ | ၁၂.၁၂ % |
| မူလတန်း တက်ရောက်ခဲ့သူဦးရေ | ၂၈ | ၂၃ | ၅၁ | ၁၅.၀၈ % |
| အလယ်တန်း တက်ရောက်ခဲ့သူဦးရေ | ၁၀ | ၁၃ | ၂၃ | ၆.၈၀ % |
| အထက်တန်း တက်ရောက်ခဲ့သူဦးရေ | ၁ | ၄ | ၅ | ၁.၄၈ % |
| တက္ကသိုလ် ဘွဲ့ရဦးရေ | ၁ | ၄ | ၅ | ၁.၄၈ % |
| **၉ နှစ် အထက် လူဦးရေပေါင်း** | **၁၇၂** | **၁၆၆** | **၃၃၈** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မကျီးကုန်း ကျေးရွာတွင် စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ (၁၀၀) ရာခိုင်နှုန်းပြီး ယခင်ခေတ်မှ ဘုန်းတော်ကြီးပညာသင်ကြားရေးစနစ်ဖြင့် တက်ရောက်ခဲ့သူ (၄၁) ဦး ရှိပါသည်။ ယခုကာလတွင် မူလတန်းအဆင့် အခမဲ့ ပညာသင်ကြားရေး စနစ်ကြောင့် လုံးဝကျောင်းမနေသူ ဦးရေ မရှိသည့်အပြင် ဘာသာရေး အခြေပြု ကျောင်းများတွင် နေထိုင်သူများလည်း မရှိပါ။

## ၂.၆.၂ ကျောင်းတက်နှုန်း

ဇယား (၂၈) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ (၆၁ - ဦး) ၏ % |
|---|---|---|---|---|
| မူလတန်း တက်ရောက်နေသူဦးရေ | ၁၂ | ၆ | ၁၈ | ၂၉.၅၀ % |
| အလယ်တန်း တက်ရောက်နေသူဦးရေ | ၁၁ | ၁၅ | ၂၆ | ၄၂.၆၂ % |
| အထက်တန်း တက်ရောက်နေသူဦးရေ | ၅ | ၇ | ၁၂ | ၁၉.၆၇ % |
| တက္ကသိုလ် တက်ရောက်နေသူဦးရေ | ၁ | ၄ | ၅ | ၈.၁၉ % |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မူလတန်းကျောင်းမှ အောင်မြင်ပြီးသူ များသည် နှစ်မိုင် ကွာဝေးသော ကြက်ပေါင်ကျေးရွာရှိ မူလွန်ကျောင်းတွင် သွားရောက် သင်ကြားကြရပြီး ခြေလျင် လျှောက်သွားကြပါသည်။ မကျီးကုန်းကျေးရွာမှ အလယ်တန်း အဆင့် (၂၆) ဦး၊ အထက်တန်း အဆင့်တွင် (၁၂) ဦး၊ စုစုပေါင်း (၃၈) ဦး သည် ကျောင်းဖွင့်ရက်တိုင်း လမ်းလျှောက် သွားကြပါသည်။ ပုသိမ်တက္ကသိုလ်တွင် တက်ရောက်နေသူများမှာ (၅) ဦး ဖြစ်ပြီး၊ ဘွဲ့ရ ဦးရေမှာ ကျား (၄) ဦး + မ (၁) ဦး၊ ပေါင်း (၅) ဦး ရှိပါသည်။

## ၂.၆.၃ စာသင်ကျောင်းဆောင် အခြေအနေ နှင့် လက်လှမ်းမှီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ နှင့် လက်လှမ်းမှီမှု

<table>
<tr><th>အကြောင်းအရာ</th><th colspan="3">မူလတန်းကျောင်း</th><th colspan="3">အလယ်တန်းကျောင်း</th></tr>
<tr><td>ရွာမှအကွာအဝေး(ကီလိုမီတာ)</td><td colspan="3">ရွာအတွင်း</td><td colspan="3">၃.၂ ကီလိုမီတာ (၂ မိုင်)<br>ကြက်ပေါင်ကျေးရွာ</td></tr>
<tr><td>သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု</td><td colspan="3"></td><td colspan="3">ရွာမှနေ၍ လမ်းလျှောက်<br>ကျောင်းတက်ရပါသည်။</td></tr>
<tr><td>စာသင်ကျောင်းအရွယ်အစား<br>(အလျား၊ အနံ၊အမြင့်)</td><td colspan="3">၆၀'x ၃၀' x ၁၀'</td><td colspan="3"></td></tr>
<tr><td>အမိုး၊နံရံ၊အခင်း အရည်အသွေး</td><td colspan="3">သွပ်မိုး၊အုတ်ကာ၊ကွန်ဂရစ်ခင်း</td><td colspan="3">သွပ်မိုး၊အုတ်ကာ၊<br>ကွန်ကရစ်ခင်း</td></tr>
<tr><td>ကျောင်းသုံးပရိဘောဂ<br>(လုံလောက်မှုရှိ/မရှိ)</td><td colspan="3">လုံလောက်မှုရှိ<br>(စာရေးခုံ(ထိုင်+ရေး) - ၂၀ စုံ<br>စားပွဲ- ၅<br>ပလပ်စတစ် ကုလားထိုင်- ၆<br>ဗီရိုဘုတ် - ၅</td><td colspan="3"></td></tr>
<tr><td>ကျောင်းဆရာဦးရေ</td><td>ကျား</td><td>မ</td><td>ပေါင်း</td><td>ကျား</td><td>မ</td><td>ပေါင်း</td></tr>
<tr><td>အစိုးရခန့်</td><td>၀</td><td>၅</td><td>၅</td><td></td><td></td><td></td></tr>
<tr><td>ကျေးရွာခန့်</td><td></td><td></td><td></td><td></td><td></td><td></td></tr>
</table>

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မကျီးကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို ၁၉၇၆ ခုနှစ်တွင် အုတ်ပတ်ကားဖြင့် စတင်ဆောက်လုပ်ခဲ့ပြီး ၁၉၈၂ ခုနှစ်မှ ပြီးစီးခဲ့သည်။ အခြေခံပညာ မူလတန်း ကျောင်းဆောင် မှာ ပေ (၆၀) အရှည်၊ အနံ ပေ (၃၀) နှင့် အမြင့် (၁၀) ပေ ရှိသော တစ်ထပ် အုတ်ကျောင်း ဖြစ်ပြီး ကျောင်းဆောင် သက်တမ်းမှာ (၃၃) နှစ်ရှိနေပြီး ဟောင်းနွမ်း နေပြီဖြစ်သည်။ ထို့နောက်တွင် ပျက်စီး ဟောင်းနွမ်းမှုများကို နှစ်အလိုက်ပြုပြင် ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့ကြသည်။ ကျောင်းတွင် ကျောင်းအုပ်ဆရာကြီး (၁) ဦး၊ လက်ထောက် ဆရာ၊ ဆရာမ (၄)ဦး၊ စုစုပေါင်း (၅) ဦး ရှိပါသည်။ နှစ်စဉ်များပြားလာသော ကျောင်းသားဦးရေကြောင့် ဆရာ၊ ဆရာမ သီးသန့်ခန်း မထားရှိနိုင်ပေ။ ဆရာ၊ တပည့် အချိုးအားဖြင့် (၂၀) ဖြစ်ပါသည်။ (၁) ခန်းတွဲ အိမ်သာတစ်လုံး၊ (၂) ခန်းတွဲ အိမ်သာတစ်လုံး ရှိပြီးဖြစ်သော်လည်း (၂) ခန်းတွဲ အိမ်သာတစ်လုံး ထပ်မံ ရရှိပါက ကျောင်းသူ၊ ကျောင်းသားများ အတွက် လုံလောက်မှု ရှိပါမည်။ ကျောင်းတွင်းတွင် စာရေး စာဖတ်ခုံ (၂၀) စုံ၊ စားပွဲ (၅) လုံး၊ ပလပ်စတစ် ထိုင်ခုံ (၆) လုံး၊ ၈ ပေ - ၄ ပေ ဗွီက်ဘုတ် (၅) ချပ်၊ ဗီဒို (၂) လုံး ရှိပါသည်။ ပညာရေးဦးစီးဌာနမှ နှစ်စဉ် ထောက်ပံ့ပေးလေ့ရှိပါသည်။ ထိုင်ခုံနှင့် စာရေးခုံများ လိုအပ်ချက် ရှိနေပါသေးသည်။ ကျောင်းသူ၊ ကျောင်းသားများ အတွက် သောက်သုံးရေကို ကျေးရွာရှိ သောက်ရေကန်မှ ခပ်ယူသုံးစွဲပါသည်။

## ၂.၆.၄ ပညာရေး အခက်အခဲ နှင့် ပြဿနာများ

ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | ၅ ဦး |
| တပည့်–ဆရာ အချိုး | ၂၀ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | ၀ % |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မသန်မစွမ်း ကျောင်းသားနှစ်ဦး ရှိသော်လည်း အထူးတလည် အစီအစဉ် မလုပ်ပေး နိုင်ခဲ့ပေ။ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကရိယာ | ဗလာစာအုပ်၊ ပြဋ္ဌာန်းပုံနှိပ်စာအုပ် အပြည့် အစုံ၊ ဝတ်စုံ တစ်စုံစီကို ပညာရေးဦးစီးဌာနမှ ပံ့ပိုးပေး ပြီး၊ လေ့ကျင့်ခန်း စာအုပ်နှင့် စာရေး ကိရိယာ များကို ကျောင်းသား ဝယ်သုံးရ ပါသည်။ |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့်အတွက် ဆင်းရဲသော မိသားစုများ အတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့် ရနေ ပါသည်။ |
| မိဘဆရာအသင်း၏ အခန်းကဏ္ဍ | ပူးပေါင်းမှု အားကောင်းစွာ၊ တက်ကြွစွာ ပါဝင် တိုင်ပင်ညှိနှိုင်း လုပ်ဆောင် ကြပါ သည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နိုင်ငံတော်အစိုးရမှ အခမဲ့ပညာရေးစနစ်ကို အကောင်အထည် ဖော်နေခြင်းကြောင့် ဆင်းရဲသော မိသားစုများ အတွက် လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့် ရနေပါသည်။ ကျောင်းအကျိုး

တော်ဆောင် (၃) ဦး၊ ကျောင်းသားမိဘများအားလုံး ပါဝင်သော မိဘဆရာအသင်းသည် စုစည်း တက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်း ဆောင်ရွက်ကြသောကြောင့် မူလတန်းအဆင့် ပညာရေးအတွက် အခက်အခဲ မရှိ လုပ်ဆောင်နေနိုင်ပါသည်။

ကျောင်းသား၊ ကျောင်းသူများအတွက် သောက်ရေကို ကျေးရွာရေကန်မှ ရေသွယ်ယူနိုင်မည့် ဂါလံ (၄,၀၀၀) ဆန့် ရေလှောင်ကန် တစ်ကန် တည်ဆောက်နိုင်ပါက ကလေးများအတွက် သောက်ရေ ဖူလုံစေပါမည်။ ကျောင်းခြံစည်းရိုး နှစ်မျက်နှာအား အုတ်တံတိုင်း ကာရံရန် လိုအပ်နေပါသေးသည်။ ထို့အပြင် ကလေးအားကစားကွင်း တစ်ခုလည်း လိုအပ်နေပါသည်။ ကလေးများ ပိုမိုလွယ်ကူ နားလည်စေရန် အတွက် သင်ထောက်ကူပစ္စည်းများ သုံးစွဲပါက ပိုမိုကောင်းမွန်ပါမည်။

## ၂.၇ ကျန်းမာရေး နှင့် အာဟာရ

### ၂.၇.၁ အဖြစ်များသောရောဂါများ

ဇယား (၃၁) အဖြစ်များသော ရောဂါများ

| | | | |
|---|---|---|---|
| ၁. သွေးလွန်တုပ်ကွေး | ၂.အဖျား၊အနာ | ၃. ငှက်ဖျား | ၄. သွေးတိုး၊ နှလုံး |
| ၅. | ၆. | ၇. | ၈. |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မကျီးကုန်း ကျေးရွာအတွင်း ဖျားနာတုပ်ကွေး၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ သွေးတိုး၊ နှလုံး ရောဂါများ အဓိက ဖြစ်ပွားလေ့ရှိပြီး ကျေးလက်ကျန်းမာရေး ဆေးပေးခန်းလည်း မရှိသေးပါ။ ဆေးခန်းအတွက် လိုအပ်သော မြေနေရာ နှင့် အဆောက်အဦး အကြမ်းအတွက် အလှူရှင် ရှိထားပြီး ဖြစ်သော်လည်း မြို့နယ်ကျန်းမာရေးဦးစီးဌာနဖြင့် ချိတ်ဆက်ပြီး ကျန်းမာရေး ဆေးပေးခန်း အတွက် ချိတ်ဆက် တောင်းခံရန်နှင့် ကျန်းမာရေး ဝန်ထမ်းများ ရရှိရန် လိုအပ်နေပါသေးသည်။

### ၂.၇.၂ ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (ကီလို) | အခန်း/ ကုတင် (လုံလောက်မှု ရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်း များ (လုံလောက်မှုရှိ /မရှိ) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက်ကျန်းမာရေးဌာန | ကြက်ပေါင်ရွာ ၄.၈ ကီလို မီတာ (၃ မိုင်) | ကုတင် ၂ စုံ | သားဖွားဆရာမ - ၁ | မရှိ | |
| ဆေးရုံ | ၁၁.၂ကီလို (၇ မိုင်) | ရှိ | ဆရာဝန် - သူနာပြု - ၁သားဖွားဆရာမ - | ရှိ | |

| | | | | | |
|---|---|---|---|---|---|
| ဆေးဆိုင် | ကျေးရွာအတွင်း (၄) ဆိုင်ရှိ | | အိမ်ဆိုင် | လက်လှမ်းမှီမှု ဆေးဝါး.... သိုလှောင်ပုံစနစ် အအေးခန်းစနစ် | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျန်းမာရေး အတွက် တစ်ခုခုဖြစ်ပွားပါက သုံးမိုင်ဝေးသော ကြက်ပေါင်ကျေးရွာရှိ ဆေးခန်းတွင် အဓိကထား၍ သွားရောက်ပြသပါသည်။ ဆေးခန်းတွင် သားဖွားဆရာမ (၁) ဦး ရှိပြီး ကုတင်နှင့် ဆေးဝါးများ လုံလောက်မှု မရှိပါ။ ဆရာမမှ တစ်လတစ်ကြိမ် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ လာရောက်ပြုလုပ်ပေးပါသည်။ ကျေးရွာတွင် အရံသားဖွားဆရာမ တစ်ဦးရှိပြီး ကိုယ်ဝန်ဆောင်မိခင်များအား စောင့်ရှောက်မှုတွင် ကူညီ ပေးပါသည်။

အသေးစား ကျန်းမာရေးနှင့်ဆိုင်သော ဆေးဝါးများကို ကျေးရွာအတွင်းရှိ ကုန်စုံဆိုင်များတွင် ရရှိနိုင်ပြီး၊ ပြင်းထန် ရောဂါများ အတွက်မူ ပုသိမ်မြို့ပေါ်ရှိ ဆေးဆိုင်တွင် ရနိုင်ပါသည်။ အရေး ပေါ် ကိစ္စရပ်များ အတွက်ကိုမူ ပုသိမ်မြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသကြပါသည်။

ကျေးရွာအတွက် ကျန်းမာရေး ကဏ္ဍတိုးတက်လာစေရန် လုပ်ဆောင်သင့်သည်များမှာ ကျေးလက် ကျန်းမာရေး ဆေးပေးခန်းတစ်ခု ထားရှိရန်နှင့် ကျန်းမာရေးဝန်ထမ်းတစ်ဦး ရှိခြင်းဖြင့် အုပ်စုအတွင်းမှ ကျေးရွာများ အတွက်ပါ ကောင်းမွန်သော အကျိုးသက်ရောက်မှု ရှိလာပါမည်။ ထို့အပြင် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများကိုလည်း အခါအားလျော်စွာ ပြုလုပ်ပေးခြင်းဖြင့် ကျေးရွာ သူ၊ ကျေးရွာသားများ၏ ကျန်းမာရေးအသိများ တိုးတက်လာမည်ဟု သုံးသပ် ဆွေးနွေးကြပါသည်။

## ၂.၇.၃ သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | | | | | | |
| အဝီစိတွင်း | | | | | | |
| အဝီစိတွင်း၊ စက်တွင်း | | | | | | |
| ကန် | ၁ | ၁ - ကောင်း | မရှိ | ရှိ | ရှိ | သောက်ရေ |
| မြစ်/ချောင်း | ၁ | ဖောက်ချောင်း | | | | |
| မိုးရေသိုလှောင်ကန် | | | | | | |
| စိမ့်စမ်းရေသွယ် တန်းခြင်း | | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာအတွင်းတွင် သောက်သုံးရေ အတွက် အလျား ပေ (၂၇၀)၊ အနံပေ (၁၄၀)၊ အနက် (၈) ရှိသော သောက်ရေကန် (၁) ကန်သာ ရှိပါသည်။ နွေကာလ တစ်လခွဲခန့်မှလွဲ၍ တစ်ရွာလုံးနှင့် ကျန်အုပ်စုရွာများ အတွက် သောက်ရေကို ကောင်းစွာ ထောက်ပံ့မှု ပေးနိုင်ပါသည်။ ထိုရေကန်အား တစ်နှစ်လျှင် နှစ်ကြိမ် သန့်ရှင်းရေး ပြုလုပ်ပေးသော်လည်း သောက်ရေကန် ခြံကာရံခြင်း၊ အုတ်ကန်တစ်ကန် ပြုလုပ်၍ ရေတင်ပေးခြင်းဖြင့် သန့်ရှင်းသောသောက်ရေ ရရှိရေးအတွက် သုံးသပ် ဆွေးနွေးကြပါသည်။ နွေကာလ သောက်ရေ လိုအပ်ချက်ကို ဖြည့်ဆီးရန်အတွက် (၄) လက်မ စက်ရေတွင်း တစ်တွင်း နှင့် အုတ်ရေကန်တစ်ကန် လုပ်ဆောင်ပေးရန် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်နေပါသည်။

### ၂.၇.၄ သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၉၂ | ယင်လုံအိမ်သာ အဆင့်မှီ |
| ကျင်းအိမ်သာ | | |
| တောထိုင် | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မကျီးကုန်း ကျေးရွာရှိ အိမ်ထောင်စုများ အားလုံး ယင်လုံအိမ်သာ သုံးစွဲကြပါသည်။

## ၂.၈ လမ်းတံတား အခြေအနေ

### ၂.၈.၁ ကျေးရွာ၏ လမ်းတံတား တည်ရှိမှု

ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

| လမ်းတံတား အမျိုးအစား | အမျိုးအစား း (၁၊၂၊၃) | ကောင်း / ဆိုး | တည်ဆောက်ခဲ့ သော နှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (ကီလိုမီတာ) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပါတ်လုံး | |
| ရွာတွင်းလမ်း | ၁ | ဆိုး | | | သုံး | |
| ချဉ်းကပ်လမ်း | ၁ | ဆိုး | | | သုံး | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၂,၅၃၀) ပေအရှည် ၈ ပေအကျယ် ၆ လက်မထု ကွန်ကရစ်ခင်း ကျေးလက်လမ်း (ကျေးရွာချဉ်းကပ်လမ်း) ကို ပံ့ပိုးငွေ (၁၀၃) သိန်းဖြင့် ဆောက်လုပ် ခဲ့ပြီး ဖြစ်ပါသည်။ ကျန်ရှိသော ပေ (၆,၀၀၀) ခန့်ကို ဆက်လက် အကောင်အထည်ဖေါ်ရန် နှင့်

ကျေးရွာတွင်းလမ်း စုစုပေါင်းပေအရှည် (၆,၅၀၀) ခန့်ကိုလည်း ကွန်ကရစ်လမ်းခင်းရန် အစီအမံများ ရှိပါသည်။

| လမ်းတံတား အမျိုးအစား | အရွယ်အစား | ကောင်း/ ဆိုး | တည်ဆောက် ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | မိုးရာသီ | တစ်နှစ်လုံး |
| ဆိပ်ခံတံတား | | | | | |
| တံတား | ၉၀' x ၆' x ၁၄' | သင့် | ၂၀၀၄ | | သုံး |
| ကြိုးတံတား | | | | | |
| ရေပြွန် | ၁။ ၆'x ၈'x ၄'<br>၂။ ၃'x ၇'x ၄'<br>၃။ ၄'x ၇'x ၄' | သင့် | ၂၀၀၉<br>၂၀၁၀<br>၂၀၁၀ | | သုံး |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာအဝင် တံတားမှာ (၉၀' x ၆' x ၁၄') ဖြစ်ပြီး နှစ် (၂၀) ခန့် ရှိပါ၍ တံတား ကျဉ်းသောကြောင့် ကားဖြတ်သန်းရန် ခက်ခဲပါသည်။ ရေပြွန်များမှာလည်း ကျဉ်းသောကြောင့် ကားဖြတ်၍ မရနိုင်ပါ။ ထို့ကြောင့် ကားသွားနိုင်သည်အထိ တံတားအား တိုးချဲ့လုပ်ဆောင်ရန် စိတ်အားထက်သန်နေ ကြပါသည်။

## ၂.၈.၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင် ရေး | အကွာအဝေး (ကီလိုမီတာ) | ယာဉ် အမျိုးအစား | ရာသီအလိုက်သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | မိုးရာသီ | တစ်နှစ်ပါတ်လုံး |
| မြစ်ကြောင်း | | စက်လှေ | | တစ်နှစ်ပါတ်လုံး |
| ပင်လယ်ရေကြောင်း | မရှိ | | | |

၁ – လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## ၂.၈.၃ သယ်ယူပို့ဆောင်ရေးယာဉ်များ နှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုး အစား | စက် လှေ | လှေ၊ သမ္ဗာန် | စက် ဘီး | မော်တော် ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ဘတ်စ် ကား | မြင်းလှည်း |
|---|---|---|---|---|---|---|---|
| အရေအတွက် | မရှိ | ၈ | ၁၉ | ၂၆ | ၁ | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မကျီးကုန်း ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ရေကြောင်း နှင့် ကားလမ်း နှစ်ခုစလုံး ကို

တစ်နှစ်ပတ်လုံး အသုံးပြုနိုင် ပါသည်။

## ၂.၉ လျှပ်စစ်မီး ရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

| အရင်းအမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေး စနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓါတ်အားလိုင်း | | | |
| ဆိုလာစနစ် | ၂၀ | သင့် | မိုးရာသီတွင်နေရောင်ခြည် ရရှိမှု နည်းသဖြင့် အခက်အခဲရှိ |
| အသေးစားရေအားလျှပ်စစ် | | | |
| ဒီဇယ်သုံးအင်ဂျင် | | | |
| လေစွမ်းအင် | | | |
| ဇီဝလောင်စာ (အခြား) | ၇၂ | သင့် | ကုန်ကျစရိတ်များ၊ မီးဘေး အန္တရာယ်ရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မကျီးကုန်း ကျေးရွာတွင် ဆိုလာစနစ် တပ်ဆင်သုံးစွဲသူ အိမ်ထောင်စု (၂၀) ရှိပြီး၊ ကျန်ရှိသော အိမ်ထောင် စုများမှာ ဖယောင်းတိုင် တို့ကို သုံးစွဲကြပါသည်။ နိုင်ငံတော်မှ ပံ့ပိုးငွေ သိန်း (၃၇၀)၊ လူထုထည့်ဝင်ငွေ သိန်း (၃၇၀) ပူးပေါင်းထည့်ဝင်၍ ကျေးရွာလျှပ်စစ်မီးလင်းရေးကို စတင်ဆောင် ရွက်လျှက် ရှိပါသည်။ ကျေးရွာမှ ကျပ်သိန်း (၁၀၀) ကျော် ကောက်ခံရရှိ၍ ကျန်ငွေကို ကျေးရွာမှ ကျေးရွာမီးလင်းရေး အထောက်အကူပြု သမဝါယမအသင်းဖွဲ့စည်း၍ ကျပ် သိန်း (၂၀၀) ချေးယူပြီး ကျေးရွာမှ ထည့်ဝင်ရမည့်ပမာဏကို ဖြေရှင်းခဲ့ပါသည်။ အတိုးနှုန်းမှာ (၁.၅) ရာခိုင်နှုန်း ဖြစ်ပါသည်။ အသင်းသူ အသင်းသားများ၏ ပိုင်ဆိုင်မှုကို တင်ပြ၍ ချေးယူရခြင်းဖြစ်ပါသည်။

## ၂.၁၀ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | အင်တာနက် | သတင်းစာ နှင့်ဂျာနယ် | အခြား |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၃ | ၁၃ | ၁၉ | | | ၅၂ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာတွင် Telenor, Ooredoo, MPT ဖုန်းလိုင်းများအားလုံး ဆက်သွယ်နိုင်ပါသည်။ Internet အသုံးပြုသူ လူငယ်များ လည်းရှိပါသည်။

## ၂.၁၁ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်း | ရှိ/ မရှိ | ဝန်ဆောင်မှု |
|---|---|---|

| | | |
|---|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမှီမှု | မရှိ | |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | |
| အားကစားပစ္စည်းများအားလက်လှမ်းမှီမှု | မရှိ | ကျေးရွာ အားကစားကွင်းမရှိပါ၊ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | ရှိ | |
| စာကြည့်တိုက်၊အင်တာနက်စသည်များ အားလက်လှမ်းမှီမှု | ရှိ | အင်တာနက်သုံးစွဲသူ လူငယ်များ များပြားလာပြီး၊ လမ်းပြကြယ် စာကြည့်တိုက်၌ စာပေလေ့လာသော ဓလေ့ နည်းပါးလာ ပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေး တို့တွင်ပါဝင်ဆောင်ရွက်ကြပါသည်။ ယခင်က ဝတ်ရွတ်အဖွဲ့ ရှိခဲ့သော်လည်း ယခုမရှိတော့ပါ။ Internet အသုံးပြုသူ လူငယ်များလည်း ရှိပါသည်။ ကျေးရွာ၌ ကိုယ်ထူကိုယ်ထ တည်ထောင်ထားသော စာကြည့်တိုက် ရှိသော်လည်း တစ်ခါတစ်ရံ၌သာ စာကြည့်မည့်သူ ရှိပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးသင်တန်း၊ ခေတ်နှင့်လျှော်ညီသော ကျေးရွာနှင့် ကိုက်ညီသော သင်တန်းများ ပေးရန် အဆိုပြုကြပါသည်။

## ၂.၁၂ ကျေးရွာတည်ငြိမ်ရေး နှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

### ၂.၁၂.၁ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမှီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု

| ဝန်ဆောင်မှုများ | ရှိ/ မရှိ | ရှင်းလင်းချက် |
|---|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦးများအား လက်လှမ်းမှီမှု | မရှိ | ဆက်သွယ်ရေး network၊ အများသုံး တယ်လီဖုန်း |
| အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု | မရှိ | ကျန်းမာရေးအာမခံ၊ အသက်အာမခံ စသည် |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ် | မရှိ | ကြိုတင်သတိပေးစနစ်၊ သဘာဝ ဘေးအန္တရာယ် စီမံ ခန့်ခွဲ ရေး ကော်မတီ၊ |
| ရဲစခန်းများအား လက်လှမ်းမှီမှု | မရှိ | သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်များ၊ ရဲစခန်းမှ လုံခြုံရေး အကူအညီ များ ရရှိမှု |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့ မည်သည့်ဌာနမှ သင်တန်းပေးခြင်း ကြိုတင်စီမံ ပေးခြင်း မရှိပါ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် အတွက် ရေဒီယို၊ TV တို့မှ သိရှိရပါသည်။ ပုသိမ်မြို့ တွင် ရဲစခန်းတည်ရှိ၍ ဒေသလုံခြုံရေးအတွက် တာဝန်ယူဆောင်ရွက်ပါသည်။

### ၂.၁၂.၂ မှုခင်းဖြစ်ပွားမှု

ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| ပြင်းထန်/မထန် | ၂-မရှိ | ၂ | ၂ | ၂-မရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၂-၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

Note: ၁။ စိုးရိမ် ၂။ သာမာန်

အိမ်နီးနားချင်း တစ်ခါတစ်ရံ အချင်းများမှု လေးများသာရှိ၍ ကြီးကြီးမားမား ပြဿနာ မရှိပါ၊ မှုခင်းဖြစ်ပွားမှု မှာ လည်း သာမန် အဆင့်သာ ဖြစ်ပါသည်။

**အခန်း (၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

မကျီးကုန်းကျေးရွာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များ တိုးတက်လာစေရန် လုပ်ဆောင်ပေးနိုင်မှု နှင့် တက်ကြွစွာ ပူပေါင်းပါဝင်လာစေရန် ဦးစီး ဆောင်ရွက်နိုင်မှုတို့မှာ အဓိကအချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ယင်းအဓိကအချက်ကို ဖော်ဆောင်နိုင်မည့်နည်းလမ်းသို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရှိထားရန် အရေးကြီးပါသည်။ ကျေးရွာအတွင်းလက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ၊ ကြုံတွေ့နေရသော အခက်အခဲနှင့် စိန်ခေါ်ချက်များ၊ နောင်လိုလားအပ်သည့် ဖွံ့ဖြိုးတိုးတက်မှု၊ ယင်းဖွံ့ဖြိုးတိုးတက်မှုကို မည်သို့မည်ပုံ ဖော်ဆောင်မည် စသည့်တို့သည်ပင် ဖွံ့ဖြိုးရေးဗျူဟာအတွင်း ကြောင်းကျိုးဆက်စပ် ပါဝင်ရမည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖော်ဆောင်ရာတွင် အလားအလာကောင်းများ၊ ဖြစ်နိုင်ခြေများရှိသလိုတစ်ဘက်တွင်လည်း အဟန့်အတားနှင့် စိန်ခေါ်မှုများ ရှိပါသည်။ ထို့ကြောင့် ကိုးကားစာရွက်စာတမ်းများ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် အုပ်စုအုပ်ချုပ်ရေးမှူး၊ ဒေသရှိ နားလည်တတ်သိသူများ နှင့် ဆွေးနွေးမှုများ၊ ကျေးရွာရှိ ဦးတည်အုပ်စုများနှင့် ဆွေးနွေးချက်များကို အခြေခံ၍ကျောင်းနိမ့်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများကို ဖော်ထုတ်ထားရှိပါသည်။

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ

| **ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အလား အလာများ** | **ရှင်းလင်း ဖော်ပြချက်များ** | **သတင်း အရင်းအမြစ်** |
|---|---|---|
| လူသား အရင်း အမြစ် | • မကျီးကုန်းကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစုပေါင်းမှာ ကျား (၁၅၂) ဦး နှင့် မ (၁၄၉) ဦး၊ စုစုပေါင်း (၃၀၁) ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၈၁) % ရှိပါသည်။ လက်ရှိ အထက်တန်းပညာ တက်ရောက် သင်ကြားနေသူ (၂၈) ဦး၊ တက္ကသိုလ် တက်ရောက်နေသူ (၅) ဦး၊ တက္ကသိုလ် ဘွဲ့ရ (၅) ဦး စသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် ပညာတတ်ဦးရေ များပြားလာသော ကြောင့် အနာဂတ်ကာလတွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအား အရင်းအမြစ်များ ရှိနေပါသည်။<br>• လူငယ်များအား ကျွမ်းကျင်မှု နှင့် အသက်မွေးဝမ်း ကျောင်းဆိုင်ရာ သင်တန်းများ ထိရောက်စွာ ပံ့ပိုးမှု ပေးနိုင်ပါက ကျေးရွာ၏ လူ့အရင်းအမြစ် တိုးတက်မှု နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာ ကောင်းများ ရှိနေပါသည်။ ထို့အပြင် ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊ လူငယ် လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင် ညှိနှိုင်း လုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် | ပညာရေး နှင့် လူငယ် အုပ်စု များ နှင့် အုပ်စု ငယ်ဖွဲ့ ဆွေးနွေး ခြင်း |

| ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အလား အလာများ | ရှင်းလင်း ဖော်ပြချက်များ | သတင်း အရင်းအမြစ် |
|---|---|---|
| | အားရ ဖွယ်ရာပင်ဖြစ်သည်။ | |
| သီးနှံ ထုတ်လုပ် ရေး | • မကျီးကုန်းကျေးရွာတွင် မိုးစပါး၊ နွေစပါး နှစ်သီး စိုက်ပျိုး ထုတ်လုပ်နိုင်သည်။ ရောင်းချချိန်တွင် စပါးဈေးနှုန်း မကောင်း၍ မိမိ လုပ်အားခပြန်ရရုံ ထုတ်လုပ်မှုအဆင့်သာဖြစ် သော်လည်း လယ်သမား မိသားစုများနှင့် ကျဘမ်းလုပ်ငန်း များ အတွက် အလုပ် အကိုင် အခွင့်အလမ်းများ၊စပါးအခြေခံ ရောင်းဝယ်မှု၊ ထုတ်လုပ်မှု လုပ်ငန်း အဆင့်ဆင့်များတွင် ရောင်းဝယ်ဖောက်ကားသူ စသည်ဖြင့် စပါးထုတ်လုပ်မှု တစ်ခုမှ ကျေးရွာသူ ကျေးရွာသားများအတွက် ဝင်ငွေနှင့် စားနပ်ရိက္ခာကို အတန်အသင့် ဖူလုံစေသည်ဟု ဆိုရမည်ဖြစ်ပါသည်။<br>• ထို့အပြင် စပါးစိုက်တောင်သူများသည် ၎င်းတို့၏ တိုတောင်းသော စပါးရိတ်သိမ်းကာလ(၂) ခုတွင် ရိတ်သိမ်း ခြွေလှေ့စက်များ ငှားရမ်းအသုံးပြုမှသာ အချိန်မီ စိုက်ပျိုးနိုင်မည် ဖြစ်ရာ တောင်သူဦးဆောင်အဖွဲ့များမှ မြို့ပေါ်ရှိ စက်ပိုင်ရှင်များ နှင့် ချိတ်ဆက် ဆွေးနွေး၍ သော် လည်းကောင်း၊ ရိတ်သိမ်း ခြွေလှေ့စက် ရောင်းချသည့် ကုမ္ပဏီများနှင့် ဆွေးနွေးခြင်းဖြင့် သော်လည်းကောင်း လယ်ယာလုပ်ငန်း ရိတ်သိမ်းသည့် လုပ်ငန်းများကို ကျေးရွာ နှင့် လျော်ညီသော ချွေလှေ့စက် ဝန်ဆောင်မှုများအား ရရှိနိုင်ပါသည်။<br>• စိုက်ပျိုးသီးနှံများ အထွက်တိုးနည်းပညာများ ကျင်သုံး လာနိုင်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံအထွက်တိုး နည်းပညာများ အား ဖြန့်ဝေ ပေး နေသည့် အတွက် မကျီးကုန်းကျေးရွာမှ တောင်သူ ဦးဆောင် အဖွဲ့များမှ အဆိုပါ နည်းပညာ ဖြန့်ဝေပေးနိုင်သည့် ဦးစီးဌာနများ၊ အခြားသော အစိုးရ မဟုတ်သော လူမှု အဖွဲ့အစည်းများနှင့် ဆက်သွယ်ကာ နည်းပညာ လွှဲပြောင်း လက်ခံမှု အဆင့်ဆင့်ကို ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းတစ်ခု ဖြစ်ပါသည်။ | စိုက်ပျိုးရေးအုပ်စု နှင့် အုပ်စု ငယ်ဖွဲ့ ဆွေးနွေး ခြင်း |
| တိရစ္ဆာန် မွေးမြူရေး | • တိရစ္ဆာန်မွေးမြူရေး ကဏ္ဍတွင် ပုသိမ်ဈေးကွက်အား အမှီပြု၍ တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ် အထိ မွေးမြူနိုင်ပါသည်။ စပါးစိုက်ပျိုးထုတ်လုပ်သည့် ကျေးရွာတစ်ခုဖြစ်သည့် အားလျော်စွာ ဝက်စာဖြစ်သည့် ဖွဲနုကို ကျေးရွာ ဆန်စက်များမှ အလွယ်တကူ ဝယ်ယူခြင်းဖြင့် သော်လည်းကောင်း၊ မိမိတို့ စပါးကြိတ်ခွဲစဉ်ရရှိသော ဖွဲနု စသည်ဖြင့် ဝက်မွေးမြူရေး အတွက် အစာကို ရရှိနိုင်ပါသည်။<br>• ထို့အပြင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သော မိသားစုများသည်လည်း ပုသိမ် မြို့ပေါ်ရှိ ရေထွက်ပစ္စည်း ဈေးကွက်နှင့် ချိတ်ဆက်၍ ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်မည့် အခွင့် | မွေးမြူရေးအုပ်စု နှင့် အုပ်စု ငယ်ဖွဲ့ ဆွေးနွေးခြင်း |

| ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အလား အလာများ | ရှင်းလင်း ဖော်ပြချက်များ | သတင်း အရင်းအမြစ် |
|---|---|---|
| | အလမ်း ရှိနေပါသည်။ | |
| စိုက်ပျိုး မွေးမြူ ရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | • စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း များ အနေဖြင့် ပုသိမ်ဈေးကွက်ကို အမှီပြု၍ လက်မှု အထည် ပစ္စည်းများတင်ပို့ရောင်းချခြင်း၊ စပါးစိုက်ပျိုးသော ကျေးရွာ ဖြစ်သော ကြောင့် ဆန်ဖြင့်ထုတ်လုပ်သော မုန့်၊စသည်ဖြင့် ကျေးရွာ ထုတ်ကုန်တစ်ခုအား အစုအဖွဲ့ဖြင့် ဖြစ်စေ၊ မိသားစု အလိုက်တစ်ပိုင်တစ်နိုင်ဖြစ်စေ ထုတ်လုပ် ပြီး အနီးဆုံး ပုသိမ် ဈေးကွက်အား တင်ပို့ရောင်းချနိုင်မည့် အခွင့်အလမ်း ဖြစ်ပါ သည်။ | စိုက်ပျိုး မွေးမြူ ရေး မဟုတ်သော အုပ်စုနှင့်ဆွေးနွေး ခြင်း |
| ချေးငွေ ဝန်ဆောင်မှု | • စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အိမ်ထောင်စုအများစုမှ အသက် မွေးမှုပြုကြသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ထုတ်ချေး သော ချေးငွေကို ထုတ်ယူနိုင်ခြင်း၊ သမဝါ ယမ ချေးငွေနှင့် ပတ် မြန်မာ မှ ချေးငွေ စသည်ဖြင့် ချေးငွေများကို လက်လှမ်းမှီသည့် အတွက်ကြောင့် မိမိတို့အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အတွက် သင့်တော်သော ရင်းနှီးငွေ ပမာဏအား ရရှိနိုင်ပါသည်။ | စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် စိုက်ပျိုး မွေးမြူ ရေး မဟုတ်သော အုပ်စုနှင့်ဆွေးနွေး ခြင်း |
| ပညာရေး | • မကြီးကုန်းကုန်းကျေးရွာတွင်နှစ်စဉ်များပြားလာသော မူလ တန်းအရွယ် ကျောင်းသားများ များပြားလာသောကြောင့် လက် ရှိ အခြေခံပညာ မူလတန်းကျောင်းမှာ ကျောင်းသား ဦးရေနှင့် မမျှတပဲဖြစ်လာပါသည်။ သို့သော်လည်း ကျေးရွာတွင် ကျောင်း အကျိုးတော်ဆောင်အဖွဲ့ ဖွဲ့စည်း ထားရှိပြီ ဖြစ်သောကြောင့် ကျေးရွာမှ တတ်နိုင်သည့်အပိုင်းများတွင် ထည့်ဝင် လှုဒါန်း နိုင်အောင် ဆော်ဩစည်းရုံး၍ အလှူရှင်များအား ရှာဖွေချိတ် ဆက်ခြင်း နှင့် မြို့နယ်ပညာရေး ဦးစီးဌာနထံတင်ပြခြင်း စသည့် နည်းလမ်းများအား အသုံးပြုနိုင်မည်ဖြစ်ရာ ပညာရေးကဏ္ဍ တိုးတက်လာစေရေး အတွက် အလားအလာကောင်းများ ဟု ဆိုနိုင်ပေသည်။ | ပညာရေး၊ ကျန်းမာရေး အုပ်စုများ နှင့် ဆွေးနွေးခြင်း |
| ကျန်းမာရေး | • မကြီးကုန်းကျေးရွာတွင် အရံသားဖွား ဆရာမ(၁)ဦး ရှိသဖြင့် မီးဖွားသည့် အလုပ်များတွင် ကူညီပေးနိုင်ပါသည်။ အစိုးရ အသိ အမှတ်ပြု ကျေးလက်ကျန်းမာရေးဌာနခွဲအတွက် မြေနေရာ နှင့် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် တတ်နိုင်သောငွေ အင်အားများဖြင့် ပါဝင်နိုင်မည်ဖြစ်ရာ ကျန်းမာရေးဦးစီးဌာနထံ တင်ပြ၍ အကူအညီများရရှိလာခဲ့ပါက မိမိတို့ကျေးရွာ၏ အခြေ ခံ ကျန်းမာရေးစောင့်ရှောက်မှု များရရှိလာမည် ဖြစ်ပါ သည်။ | ပညာရေး၊ ကျန်းမာရေး အုပ်စုများ နှင့် ဆွေးနွေးခြင်း |
| ရေ အရင်းအမြစ် | • မကြီးကုန်းကျေးရွာတွင် သောက်ရေကို ကျေးရွာရှိ ရေကန်မှ ရရှိသော်လည်း ပူပြင်းခြောက်သွေ့သော နွေကာလတစ်လခွဲတွင် ရေလုံလောက်မှုမရှိခြင်းကြောင့် (၄)လက်မ စက်ရေတွင်း တစ် တွင်းအား တူးဖော်နိုင်ပါက ရာသီမရွေး လုံလောက်သွားနိုင် ပါ | အခြေခံ အဆောက်အဦး အုပ်စုနှင့် ဆွေးနွေးခြင်း |

| ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အလား အလာများ | ရှင်းလင်း ဖော်ပြချက်များ | သတင်း အရင်းအမြစ် |
|---|---|---|
| | သည်။ လက်ရှိအခြေအနေတွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသ သောက်သုံးရေ လုံလောက်ရေး လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်နေသဖြင့် မကြာမီကာလများတွင် သောက်သုံးရေ ဖူလုံသွားမည့် အလားအလာများရှိနေပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့လည်း တင်ပြထားပြီ ဖြစ်ပါသည်။ | |
| လမ်း၊ တံတား | • ပုသိမ်မြို့နှင့် ဆက်သွယ်နိုင်မည့် ကျေးရွာချင်းဆက်လမ်းနှင့် ကျေးရွာတွင်းလမ်းအား ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့် တင်ခြင်း၊ ရွာအဝင်တံတားအား ကွန်ကရစ်တံတားအဖြစ် ပြန်လည်တည်ဆောက်ခြင်း စသည်တို့ ကို အဆင့်မြှင့် တင်နိုင်ပါက ရာသီမရွေး သွာလာ ဆက်သွယ်နိုင်သည်သာမက ကျေးရွာ၏ ပညာရေး၊ စီးပွားရေး လုပ်ငန်းများပါ တိုးတက် လာမည်ဖြစ်ပါသည်။ ကျေးရွာချဉ်းကပ်လမ်းတွင် (၂,၅၃၀) ပေအား ကျေးလက်ဒေသ ဦးစီးဌာနမှ ဆောင်ရွက် ပေးနိုင်ခဲ့ပြီးဖြစ်ရာ ကျန်သော လမ်းအပိုင်းအတွက် ပြင်ပ အလှူရှင်များ ရှာဖွေခြင်း၊ ကျေးလက် ဦးစီး ဌာနထံ ဆက်လက်တင်ပြခြင်း စသည်တို့သည် မကျီးကုန်းကျေးရွာ၏ လမ်း၊တံတား များ တိုးတက် ကောင်းမွန် လာမည့် လမ်းစများဖြစ်ပါသည်။ | အခြေခံ အဆောက်အဦး အုပ်စုနှင့် ဆွေးနွေးခြင်း |
| လူငယ် နှင့် ယဉ်ကျေးမှု | • ကျေးရွာတွင် လူငယ်များအနေဖြင့် သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှုရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စ လုပ်ခြင်း၊ လုပ်အား ပေးခြင်း တို့ကို ဆောင်ရွက်ကြသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများ ဖြစ်ကြပြီး ကြီးကြီးမားမား မှုခင်းများ ဖြစ်ပွားမှု နည်းပါးခြင်းကလည်း ကျေးရွာ ဖွံ့ဖြိုး တိုးတက်ရေး အတွက် အခွင့်အလမ်းတစ်ရပ်လမ်း ဖြစ်သည်။ | လူငယ် အုပ်စုနှင့် အုပ်စုငယ်ဖွဲ့ ဆွေးနွေးခြင်း |

ဇယား (၄၄) ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

| ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ | သတင်း အရင်းအမြစ် |
|---|---|---|
| အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး | • မကျီးကုန်းကျေးရွာတွင် ဖွံ့ဖြိုးရေး ဆောင်ရွက်နေသော အဖွဲ့များ ရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့ တစ်ခုနှင့်တစ်ခု ချိတ်ဆက် ဆောင်ရွက်ခြင်း၊ စုစည်း လုပ်ဆောင်ချက်များတွင် | ပညာရေး နှင့် လူငယ် အုပ်စု များ နှင့် အုပ်စု |

| ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ | သတင်း အရင်းအမြစ် |
|---|---|---|
| | အားနည်းမှု ရှိပါသည်။ ကျေးရွာလူထု အနေဖြင့် မြို့နယ်ရှိ ဦးစီး ဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ရာတွင် အတွေ့အကြုံ နည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန်ဆောင်မှု အဖွဲ့များ နှင့် အလှမ်းဝေးခြင်း စသည်တို့ ကလည်း ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ် ဖြစ် သည်။ | ငယ်ဖွဲ့ ဆွေးနွေး ခြင်း |
| သီးနှံ ထုတ်လုပ်ရေး | • ကျေးရွာတွင် မြေယာ တိုးချဲ့စိုက်ပျိုးရန် မြေယာဖော် ထုတ်မည့် နေရာများမရှိသောကြောင့် ဆင်းရဲသား မိသားစုများအတွက် စိုက်ပျိုးထုတ်လုပ်ခြင်းမှ ဝင်ငွေရရှိမည့် အခွင့်အလမ်း နည်းပါး သွားပြီ ဖြစ်ပါသည်။<br>• မကျီးကုန်းကျေးရွာတွင် စပါးခင်းများအချိန်မီ ရိတ်သိမ်းနိုင်ရန် အတွက် ရိတ်သိမ်း ခြွေလှေ့စက်များ ငှားရမ်း အသုံးပြု လိုသော် လည်း လယ်ကွက်များ ၏အကွက်အကျယ်အဝန်းမှာ ကျဉ်း မြောင်းခြင်း၊ ရိုးချောင်းများ ပေါများ၍ စက်ရွှေ့ရာတွင် အချိန် ကြန့်ကြာမှု ရှိခြင်း စသည်တို့ကြောင့် မိမိတို့ကျေးရွာနှင့် သင့် တော်မည့် စက်အားငှားရမ်းရန် ခက်ခဲနိုင်ပါသည်။<br>• စပါးအထွက်တိုးနည်းပညာများကို နည်းပညာ ဝန်ဆောင်မှု အဖွဲ့ များထံမှ ရရှိနိုင်သော်လည်း လိုအပ်သော သွင်းအားစုများကို အချိန်မီ ထည့်သွင်းနိုင်မှု မရှိနိုင်ခြင်းကြောင့် အထွက်တိုး နည်း ပညာများ၏ ရလဒ်ကို အထင်အရှားမမြင်ရနိုင်၍ နည်းပညာ ပြန့်ပွားကျင့်သုံးမှုနှင့် တောင်သူအားလုံး အကျိုးအမြတ် ဖြစ် ထွန်းလာရန် အချိန်များစွာ ယူရအုံးမည်ဖြစ်ပါသည်။<br>• ၎င်းအပြင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အချို့သော လုပ် ငန်းများ(ဥပမာ-ရေသွယ်ယူခြင်း၊ မြောင်းဖော်ခြင်း၊ ပိုးမွှား ရောဂါအား စုပေါင်းကာကွယ်ခြင်း၊) တို့တွင် တောင်သူတစ်ဦး တည်း ဖြေရှင်း၍ မရနိုင်ပဲ စုပေါင်းလုပ်ကိုင်ကြရသည်ဖြစ်ရာ ၎င်းအခက်အခဲများ နှင့် ကြုံတွေ့လာတိုင်း ရင်ဆိုင် ဖြေရှင်းရန် အတွက် တောင်သူ အားလုံး စုပေါင်းပါဝင်ဖို့ စည်းစည်းရုံးရုံး ဆောင်ရွက် တတ်သည့် အလေ့အထများမရှိသဖြင့် အခက် အခဲများ ကြုံတွေ့ရဦးမည်ဖြစ်ပါသည်။ | စိုက်ပျိုးရေးအုပ်စု နှင့် အုပ်စု ငယ်ဖွဲ့ ဆွေးနွေး ခြင်း |
| တိရစ္ဆာန် မွေးမြူရေး | • ရောဂါဖြစ်ပွားမှုကို အချိန်မီ မကာကွယ်နိုင်ခြင်း၊ မထိန်းချုပ် နိုင်ခြင်း၊ မွေးမြူရေး နည်းပညာ ဝန်ဆောင်မှု အကန့်အသတ် ရှိ ခြင်း၊တို့အပြင် မွေးမြူရေး ဈေးကွက် သဘောတရာများနှင့် ချိတ်ဆက်မှု ကွင်းဆက်များအား နားလည်မှုမရှိခြင်းကြောင့် မကျီးကုန်း ကျေးရွာ၌ မွေးမြူရေးကဏ္ဍတွင် ကျယ်ကျယ် ပြန့်ပြန့် မွေးမြူ လာကြရန် မဝံမရဲ ဖြစ်နေကြပါသည်။ | မွေးမြူရေးအုပ်စု နှင့် အုပ်စု ငယ်ဖွဲ့ ဆွေးနွေးခြင်း |
| တွင်စိုက်ပျိုး မွေးမြူ ရေး | • စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်း | စိုက်ပျိုး မွေးမြူ ရေး မဟုတ်သော |

| ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ | သတင်း အရင်းအမြစ် |
|---|---|---|
| မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ပညာများ တတ်မြောက်မှု အားနည်းခြင်း၊ ကုန်ကြမ်းမှ ကုန်ချော ထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန် အတွက် လိုအပ်သည့် အချိန်တွင် လိုအပ်သလောက် ချေးငွေ ရရှိရန် အကန့်အသတ် များ ရှိခြင်း စသည်တို့ကလည်း လိုအပ်ချက် များ ရှိနေဆဲ ဖြစ်သည်။ | အုပ်စုနှင့်ဆွေးနွေး ခြင်း |
| ချေးငွေ ဝန်ဆောင်မှု | • မကျီးကုန်းကျေးရွာတွင် မြန်မာ့ လယ်ယာဖွံ့ဖြိုး ရေးဘဏ်၊ သမဝါ ယမ အသင်းအဖွဲ့များ၊ပတ်မြန်မာ စသည်တို့မှ ချေးငွေ များ ရရှိသော်လည်း တင်းကျပ်သော ချေးငွေစည်းမျဉ်း စည်းကမ်း များနှင့် ချေးငွေကာလ တိုတောင်း ခြင်းများသည် တောင်သူ များ၏ အကျိုးအမြတ် ဖြစ်ထွန်းရန် အဟန့်အတားများ ဖြစ်နေဆဲဖြစ်သည်။ | စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် စိုက်ပျိုး မွေးမြူရေး မဟုတ်သော အုပ်စုနှင့်ဆွေးနွေး ခြင်း |
| ကျန်းမာရေး | • မကျီးကုန်း ကျေးရွာနှင့် (၃) မိုင်ခန့် အကွာအဝေးတွင် ကြက်ပေါင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိ၍ ၎င်း ကျန်းမာရေးဌာနခွဲမှ အခြေခံကျန်းမာရေး စောင့်ရှောက်မှု များရရှိနိုင်သဖြင့် ကျန်းမာရေးဦးစီး ဌာနအနေဖြင့် ဝန်ထမ်းနှင့် အဆောက်အဦးကို မန်းကျည်းကုန်း ကျေးရွာတွင် ခွင့်ပြုပေးနိုင်ဖို့ရာ အခက်အခဲ များ ရှိနိုင်ဦးမည်ဖြစ်ပါသည်။ | ပညာရေး၊ ကျန်းမာရေး အုပ်စုများ နှင့် ဆွေးနွေးခြင်း |
| လမ်း၊ တံတား | • လမ်း၊ တံတားများ အဆင့်မြှင့်တင်ရေး အတွက် ကျေးရွာလူထုမှ မတည်ငွေလိုအပ်ခြင်း၊ သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနများ နှင့် ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ် နေပါသည်။ | အခြေခံ အဆောက်အဦး အုပ်စုနှင့် ဆွေးနွေးခြင်း |
| လူငယ် နှင့် ယဉ်ကျေးမှု | • ကျေးရွာ၏ ဓလေ့မှာ လူကြီးများသာ ခေါင်းဆောင် တင်မြှောက်ရန် စဉ်းစားလေ့ ရှိသဖြင့် ခေါင်းဆောင်မှု အပိုင်းတွင် စိတ်ပါဝင်စားမှုရှိသော်လည်း လူငယ်များမှာ နောက်ကျန်နေကြရသည်။ လူငယ်များအနေနှင့် အင်တာနက်မှတဆင့် သတင်းအချက်အလက်၊များကိုရယူနိုင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆက်စပ်သော မိမိတို့၏ အတွေ့အကြုံများကို ပြန်လည် အသုံးချမှုနှင့် ခေါင်းဆောင်မှု စွမ်းရည်၊ဖွံ့ဖြိုးရေးသဘောတရားများကို သဘောပေါက် နားလည်မှု အားနည်းကြသည်မှာ အနာဂတ် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတား များ ဖြစ်ပါသည်။ | လူငယ် အုပ်စုနှင့် အုပ်စုငယ်ဖွဲ့ ဆွေးနွေးခြင်း |

## အခန်း (၄) ဦးစားပေးစီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်မည့် ကာလ

### ၄.၁။ ဦးစားပေး စီမံကိန်းများ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံကိန်း လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ အချို့သော စီမံကိန်းများကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဇယား (၄၅-က) ဦးစားပေး စီမံကိန်းများ

| ကဏ္ဍ / အကြောင်းအရာ | စီမံကိန်း | ရမှတ်ပေါင်း | အဆင့် | စီမံကိန်း အခွင့်အလမ်း နှင့် ဖော်ပြချက် |
|---|---|---|---|---|
| *အုပ်ချုပ်ရေး ကဏ္ဍ* | | | | |
| ***အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု*** | ၁။ ကျေးရွာရှိ အဖွဲ့အစည်းများအား စွမ်းဆောင်ရည်မြှင့်ပေးရေး။ | ၄၈ | ၈ | • ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>• စီမံခန့်ခွဲမှု သင်တန်း<br>• ခေါင်းဆောင်မှု သင်တန်း<br>• စာရင်းရေးသွင်းနည်းသင်တန်း |
| *စိုက်ပျိုးရေး ကဏ္ဍ* | | | | |
| **အခြေခံ အဆောက်အဦး နှင့် နည်းပညာ သင်တန်း** | ၂။ စပါးအထွက်နှုန်း တိုးတက်လာ စေရေး | ၇၃ | ၆ | • မျိုးကောင်းမျိုးသန့် ထုတ်လုပ် ရေး နည်းပညာ သင်တန်း<br>• စပါးအထွက်တိုး နည်းပညာ သင်တန်း<br>• ရောဂါကာကွယ်ရေး နည်းပညာ သင်တန်း<br>• ရိတ်သိမ်းခြွေလှေ့စက်များ ငှား ရမ်းနိုင်ရန် ပုဂ္ဂလိက လုပ်ငန်း ရှင်များ နှင့် ချိတ်ဆက်ဆောင် ရွက်ရေး။<br>• ဖောက်ချောင်းကောနေခြင်း အား ပြန်လည်တူးဖော်ရေး။ |
| *တိရစ္ဆာန် မွေးမြူရေးနှင့် ရေလုပ်ငန်း* | | | | |

| | | | | |
|---|---|---|---|---|
| **ဈေးကွက်နှင့် နည်းပညာ သင်တန်း** | ၃။ မွေးမြူရေးနှင့်ရေထွက်ပစ္စည်းများ ထုတ်လုပ်မှု တိုးတက်ရေး | ၅၅ | ၉ | • မွေးမြူရေးနှင့်ရေထွက်ပစ္စည်း များအတွက် ဈေးကွက် ဖော် ဆောင်ခြင်း<br>• မွေးမြူရေး နည်းပညာ နှင့် ဝန်ဆောင်မှုများလက်လှမ်းမီရေး |
| *အခြား ဝင်ငွေရ လုပ်ငန်းများ* | | | | |
| **သင်တန်း၊ စီးပွားရေး လုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း** | ၄။ အလုပ်အကိုင် အခွင့် အလမ်း များပြား လာစေ ရေး | ၆၅ | ၁၀ | • ပြန်လည်လုပ်ကိုင် အသုံးချ နိုင်သော အသက်မွေးဝမ်း ကျောင်း သင်တန်းများ ပေးခြင်း<br>• တနိုင်တပိုင်ကုန်ထုတ်လုပ် ငန်းများ ဖွံ့ဖြိုး တိုးတက် လာ စေရန် အစဦး ပျိုးထောင် ပေးခြင်း<br>• ဈေးကွက်ဆိုင်ရာ နည်းပညာ သင်တန်းများ ပေးခြင်း<br>• အစုအဖွဲ့နှင့် လုပ်ဆောင် နိုင်ရန် ပျိုးထောင်ပေးခြင်း |
| *ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း* | | | | |
| **ချေးငွေ လက်လှမ်း မီရေး** | ၅။ လုံလောက်သောချေးငွေပမာဏ အား သင့်တင့် သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေ ပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး | ၉၄ | ၃ | • အသက်မွေးဝမ်းကျောင်းလုပ် ငန်းပေါ်မူတည်၍ ထုတ်ချေး ပေးနိုင်မည့်ချေးငွေ ဌာန များနှင့် ချိတ်ဆက်ခြင်း<br>• ချေးငွေအတွက် လိုအပ် သော အထောက်အထားများ ပြင်ဆင်ခြင်း |
| *ပညာရေး* | | | | |
| **ကလေး ပညာရေး ဖွံ့ဖြိုးရေး** | ၆။ ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက်လာစေရေး | ၉၀ | ၇ | • ကျောင်းအဆောက်အဦး အသစ် နှင့် နှစ်ခန်းတွဲ အိမ်သာတည်ဆောက်ရန်<br>• ကျောင်းသုံးပရိဘောဂများ၊ သင်ထောက်ကူ ပစ္စည်းများ ထပ်မံဖြည့်ဆည်း ပေးရန်<br>• မူလတန်းလွန်ကျောင်း အဆင့်မြင့်ရန်အတွက် မြို့နယ်အခြေခံပညာဦးစီး ဌာနနှင့်ချိတ်ဆက်ရန် |
| *ကျန်းမာရေး* | | | | |
| **ကျန်းမာရေး တိုးတက်လာစေရေး** | ၇။ ကျေးရွာ၏ ကျန်းမာ ရေးကဏ္ဍ တိုးတက်လာ စေရေး | ၇၀ | ၄ | • ကျေးလက်ဆေးခန်း ဆောက် လုပ်နိုင်ရန်။<br>• ကျွမ်းကျင်သောကျန်းမာရေး ဝန်ထမ်းများရရှိရန်။<br>• ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ရန် |
| *ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး* | | | | |
| **သောက်သုံးရေ** | ၈။ သောက်သုံးရေသန့် လုံလောက်ရေး | ၇၇ | ၅ | • သောက်ရေကန်ခြံစည်းရိုး ခတ် ခြင်း၊ အုတ်ရေကန် တည် |

| | | | | |
|---|---|---|---|---|
| **လုံလောက်စွာ ရရှိရေး** | | | | ဆောက်ပေးခြင်း။<br>• ၄ လက်မ စက်ရေတွင်း တူးဖော်ခြင်း နှင့် အုတ်ရေ ကန် တည်ဆောက်ခြင်း |
| ***လမ်းပန်း ဆက်သွယ်ရေး*** | | | | |
| **လမ်း၊ တံတား ကောင်းမွန် လာစေရေး** | ၁၀။ ပို့ဆောင်ရေး အခြေခံ အဆောက်အဦးများ တိုးတက် လာစေရေး | ၇၈ | ၂ | • ကျေးရွာတွင်းလမ်းနှင့်ချဉ်းကပ်လမ်းများ ကွန်ကရစ်လမ်း အဖြစ် အဆင့်မြှင့်တင်ခြင်း<br>• မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ တင်ပြခြင်း။ |
| ***လျှပ်စစ်ဓာတ်အားသုံးစွဲ ရေး*** | | | | |
| **လျှပ်စစ်မီး ရရှိရေး** | ၁၀။ ကျေးရွာမီးလင်းရေး အတွက် လုပ်ငန်းအကောင်အထည် ဖော် ခြင်းနှင့်ရေရှည် လည်ပတ်ရန် စနစ်တစ်ခု တည်ထောင်ရေး | ၈၃ | ၁ | • ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်<br>• အစိုးရဌာနဆိုင်ရာများထံတင်ပြတောင်းဆိုရန်<br>• ကျေးရွာမှ ထည့်ဝင်ငွေ များအား ကောက်ခံရန် |
| ***လူငယ်၊ ယဉ်ကျေးမှု နှင့် အားကစား*** | | | | |
| **လူငယ်များ စွမ်းဆောင်ရည် တိုးတက် လာစေရေး** | ၁၁။ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး | ၄၅ | ၁၁ | • မူးယစ်ဆေးဝါး သုံးစွဲမှု လျော့ ချရေး သင်တန်းပေးခြင်း<br>• မိုဘိုင်းကွန်ယက်သုံးစွဲမှု နည်းပညာသင်တန်းပေးခြင်း<br>• ကျေးရွာပိုင် စာကြည့်တိုက် ထူထောင်ခြင်း |

## ၄.၂။ စီမံကိန်း ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ဇယား (၄၅-ခ) စီမံကိန်း ကာလ

| စဉ် | စီမံကိန်း (Project) | ဦးစားပေး အဆင့် | ပထမ နှစ် | ဒုတိယ နှစ် | တတိယ နှစ် | စတုတ္ထ နှစ် | ပဉ္စမ နှစ် |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာရှိ အဖွဲ့အစည်းများအား စွမ်းဆောင်ရည် မြှင့်ပေးရေး။ | ၈ | ✔ | ✔ | ✔ | ✔ | ✔ |
| ၂ | စပါးအထွက်နှုန်း တိုးတက်လာ စေရေး | ၆ | ✔ | ✔ | ✔ | ✔ | ✔ |
| ၃ | မွေးမြူရေးနှင့်ရေထွက်ပစ္စည်းများထုတ်လုပ်မှုတိုးတက်ရေး | ၉ | ✔ | ✔ | | | |
| ၄ | အလုပ်အကိုင် အခွင့်အလမ်းများပြားလာစေရေး | ၁၀ | ✔ | ✔ | ✔ | ✔ | ✔ |
| ၅ | လုံလောက်သောချေးငွေပမာဏ အားသင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေ ပေးနိုင်မည့် အဖွဲ့များနှင့်ချိတ်ဆက်ရေး | ၃ | ✔ | ✔ | | | |
| ၆ | ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက်လာစေရေး | ၇ | ✔ | ✔ | ✔ | | |
| ၇ | ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | ၄ | ✔ | ✔ | ✔ | ✔ | ✔ |
| ၈ | သောက်သုံးရေသန့် လုံလောက်ရေး | ၅ | ✔ | | | | |
| ၉ | ပို့ဆောင်ရေး အခြေခံ အဆောက်အဦးများ တိုးတက်လာစေရေး | ၂ | ✔ | ✔ | ✔ | ✔ | ✔ |
| ၁၀ | ကျေးရွာမီးလင်းရေး အတွက် လုပ်ငန်းအကောင် အထည် ဖော် ခြင်းနှင့်ရေရှည်လည်ပတ်ရန် စနစ်တစ်ခု တည်ထောင်ရေး | ၁ | ✔ | | | | |
| ၁၁ | လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေး | ၁၁ | ✔ | ✔ | | | |

## ၄.၃။ ဘက်ဂျက် နှင့် ငွေကြေးဆိုင်ရာဗျူဟာ အစီအစဉ်

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ်ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာ ဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေး အကူအညီများ ရယူ၍ ပြန်လည် တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သားအင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

ဇယား (၄၅-ဂ) ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

| စဉ် | စီမံကိန်း | ရံပုံငွေ (ကျပ်ထောင်ေါင်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမာန် အသုံး စရိတ် | ငွေလုံးငွေ ရင်းအသုံး စရိတ် | အထွေထွေ ရင်းနှီး မြှပ်နှံမှု | အရေးပေါ် အထောက် အပံ့ |
| ၁ | ကျေးရွာမီးလင်းရေး အတွက် လုပ်ငန်း အကောင် အထည် ဖော်ခြင်းနှင့်ရေရှည် လည်ပတ်ရန် စနစ်တစ်ခု တည်ထောင်ရေး | ၃၇,၀၀၀ | | ၃၇,၀၀၀ | | |
| ၂ | ပို့ဆောင်ရေး အခြေခံ အဆောက်အဦးများ တိုးတက်လာစေရေး | ၂၄၀,၀၀၀ | | ၂၄၀,၀၀၀ | | |
| ၃ | လုံလောက်သောချေးငွေပမာဏ အား သင့်တင့်သော အတိုးနှုန်းဖြင့် ကာလ ရှည်ချေးငွေ ပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး | ၀ | | | | |
| ၄ | ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | ၀ | | | | |
| ၅ | သောက်သုံးရေသန့် လုံလောက်ရေး | ၁၆,၀၀၀ | | ၁၆,၀၀၀ | | |
| ၆ | စပါးအထွက်နှုန်း တိုးတက်လာစေရေး | ၅,၀၀၀ | | ၅,၀၀၀ | | |
| ၇ | ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက်လာစေရေး | ၄၅,၀၀၀ | | ၄၅,၀၀၀ | | |
| ၈ | ကျေးရွာရှိ အဖွဲ့အစည်းများအား စွမ်းဆောင်ရည် မြှင့်ပေးရေး။ | ၆၀၀ | ၆၀၀ | | | |
| ၉ | မွေးမြူရေးနှင့်ရေထွက်ပစ္စည်းများထုတ်လုပ်မှုတိုးတက်ရေး | ၁၀၀ | ၁၀၀ | | | |
| ၁၀ | အလုပ်အကိုင် အခွင့်အလမ်းများပြား လာစေရေး | ၅,၅၀၀ | | ၅,၅၀၀ | | |
| ၁၁ | လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေး | ၅၀၀ | ၅၀၀ | | | |

## အခန်း (၅) ဖွံ့ဖြိုးရေးကွင်းဆက်

ဇယား (၄၆) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

| စဉ် | အခက်အခဲ/ ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အခွင့် အလမ်း | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| **ကဏ္ဍ - အဖွဲ့အစည်း** | | | | | | |
| ၁။ | • အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် အားနည်းနေခြင်း။ | • အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့လာမှုအခွင့်အလမ်းများမရရှိခဲ့ခြင်း<br>• မိရိုးဖလာအရ ဖွဲ့စည်းထားခြင်း(တာဝန်တွေရား၊စာရင်းရေးသွင်းခြင်းများမသိရှိခြင်း) | • နည်းပညာများ သင်ယူလိုစိတ်ရှိခြင်း။<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းပြီးခြင်း။<br>• နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစားပေးဆောင်ရွက်နေခြင်း။ | • အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန် ဆောင်မှုအဖွဲ့များ နှင့် အလှမ်းဝေးခြင်း။ | • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီအား ဖွံ့ဖြိုးရေးသဘောတရားများ၊ အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုစွမ်းရည်များမြှင့်တင်ခြင်း | ၁။ ကျေးရွာရှိ အဖွဲ့အစည်းများအား စွမ်းဆောင်ရည်မြှင့်ပေးရေး။<br>• စီမံခန့်ခွဲမှု သင်တန်း<br>• ခေါင်းဆောင်မှု သင်တန်း<br>• စာရင်းရေးသွင်းနည်းသင်တန်း |
| **ကဏ္ဍ - စိုက်ပျိုးရေး** | | | | | | |
| ၂။ | • မိုးစပါးအထွက်နှုန်း နည်းပါးခြင်း | • အထွက်တိုးစပါးများပြောင်းလဲစိုက်ပျိုး၍ မရခြင်း၊<br>• ရေကြီးနစ်မြုပ်ခြင်း<br>• နည်းပညာမရှိခြင်း<br>• အချိန်မှီရိတ်သိမ်းနိုင်မှု မရှိခြင်း ကြောင့် လေလွင့်ဆုံးရှုံးမှု များခြင်း။<br>• လုပ်အားခ ဈေးနှုန်းမြင့်မားခြင်း<br>• သင့်တော်သော မျိုးများ အသုံးမပြုနိုင်ခြင်း<br>• စက်ယန္တရားများ မသုံး | • စပါးကို နှစ်သီး စိုက်ပျိုးထုတ်လုပ် နိုင်ပါသည်။<br>• ရိတ်သိမ်းခြွေလှေ့ စက်ငှား ရမ်းသည့် လုပ်ငန်းရှင်များက ၎င်းတို့ စက်ငှားမည့် ကျေးရွာများသို့ လေ့လာ နေခြင်း။ | • စိုက်ပျိုးရေးသွင်းအားစုများ အချိန်မှီ အသုံးပြုနိုင်မှု အားနည်း ခြင်း<br>• နည်းပညာအကူအညီနှင့် နည်းလမ်းများ လက်လှမ်းမမီခြင်း<br>• ငွေကြေးအရင်းအနှီး လက်လှမ်းမှီမှုမရှိ။<br>• စက်များဝင်ရောက်ရန် ရိုးချောင်းများရှိနိုင်ခြင်း။<br>• တောင်သူများငွေကြေး | • အထွက်တိုး မျိုးစပါး များ ရရှိရေး အတွက် ရှာဖွေခြင်း။<br>• စပါးအထွက်တိုးနည်းပညာများ အသုံးချနိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်း များထံ တင်ပြခြင်း။<br>• ရိတ်သိမ်းခြွေလှေ့စက်များငှားရမ်းနိုင်ရန် ပုဂ္ဂလိက လုပ်ငန်းရှင်များ နှင့် ဆွေးနွေးခြင်း | ၂။ စပါးအထွက်နှုန်း တိုးတက်လာစေရေး<br>• မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး နည်းပညာ သင်တန်း<br>• စပါးအထွက်တိုး နည်းပညာ သင်တန်း<br>• ရောဂါကာကွယ်ရေး နည်းပညာ သင်တန်း<br>• ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်းနိုင်ရန် ပုဂ္ဂလိက လုပ်ငန်းရှင်များ နှင့် ချိတ်ဆက်ဆောင်ရွက်ရေး။ |

| စဉ် | အခက်အခဲ/ ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အခွင့် အလမ်း | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| | | နိုင်ခြင်း။ | | အင်အားထည့်ဝင်နိုင်ရန်ခက်ခဲခြင်း။<br>• စုစည်းဆောင်ရွက်နိုင်သည့် အလေ့အထ မရှိခြင်း။ | | • ဖောက်ချောင်းကောနေခြင်းအား ပြန်လည်တူးဖော်ရေး။ |
| ၃။ | • နွေစပါးအတွက် ရေသေရက်များတွင် သွင်းရေ မလုံလောက် ခြင်း | • ချောင်းမြောင်းများတိမ်ကောလာခြင်း | • ကိုယ့်အားကိုယ်ကိုး မြောင်းငယ်များဖောက်လုပ်ရန် တောင်သူများမှ စိတ်အားထက်သန်မှု ရှိခြင်း။ | | • ချောင်းမြောင်းတူးဖော်ခြင်း<br>• မြို့နယ် ဆည်မြောင်း ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း | |
| ကဏ္ဍ - မွေးမြူရေး | | | | | | |
| ၄။ | • ဝက်မျိုးကောင်းမျိုးသန့်အား လက်လှမ်းမီမှုအားနည်းခြင်း<br>• မွေးမြူရေးနည်းပညာ အားနည်းခြင်း | • အခြားဒေသဝက်မျိုးများသည် ဈေးနှုန်း မြင့်မား၍ ဝယ်ယူရန် မတတ် နိုင်ခြင်း<br>• အစာလိုအပ်ချက်များ ရှိနေခြင်း<br>• ကျေးရွာအတွင်း မွေးမြူရေးကို စနစ် တကျ တတ်ကျွမ်း နားလည်သူ မရှိခြင်း | • ကျေးရွာ အုပ်စုအတွင်း၊ ပုသိမ်မြို့ ဈေးကွက်သို့ အလွယ်တကူ ရောင်းချနိုင်ခြင်း<br>• အိမ်ခြံဝင်းများ အတော်အသင့် ကျယ်ဝန်း သဖြင့် တနိုင်တပိုင်မွေး မြူရေးအတွက် နေရာ အဆင်ပြေခြင်း<br>• လယ်စိုက်ပျိုးရေးမှ တိရိစ္ဆာန်အစားအစာအလွယ်တကူ ရရှိနိုင် ခြင်း။<br>• ဝက်မွေးမြူရန် စိတ်ဝင်စားသော မိသားစုများ ရှိခြင်း။<br>• | • သင့်တင့်သော အတိုးနှုန်းဖြင့် ထုတ်ချေးသော ချေးငွေစနစ် မရှိခြင်း၊<br>• ကြက် နှင့် ဝက်တွင် ရောဂါအဖြစ်များခြင်း<br>• တိရိစ္ဆာန်ကျန်းမာရေး အသိပညာနည်းပါးခြင်း နှင့် ကာကွယ်ဆေး အချိန်မှီစွာ မထိုးနှံ ခြင်း | • မျိုးကောင်းမျိုးသန့် ဝက်များကို လွယ်ကူ သက်သာသောဈေးနှုန်း ဖြင့်ရရှိရန်။<br>• ဖြည့်စွက်အစာများ ပြုလုပ်တတ်ရန်။<br>• မွေးမြူရေးနည်းစနစ် များကို စီးပွားဖြစ်လုပ်ကိုင်တတ်ရန် ပညာ ပေးရန်လိုအပ်ခြင်း | ၃။မွေးမြူရေးနှင့်ရေထွက်ပစ္စည်းများထုတ်လုပ်မှုတိုးတက်ရေး<br>• မွေးမြူရေးနှင့်ရေထွက်ပစ္စည်းများအတွက် ဈေးကွက် ဖော်ဆောင်ခြင်း<br>• မွေးမြူရေး နည်းပညာ နှင့် ဝန်ဆောင်မှုများလက်လှမ်းမီရေး |

| စဉ် | အခက်အခဲ/ ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အခွင့် အလမ်း | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| **ကဏ္ဍ - စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အခြား ဝင်ငွေတိုး လုပ်ငန်းများ** | | | | | | |
| ၅။ | • အလုပ်အကိုင်အခွင့် အလမ်းနည်းခြင်း | • လမ်းပန်းဆက်သွယ်ရေး မကောင်း၍ မြို့သို့နေ့ချင်း ပြန် မသွားနိုင်ခြင်း<br>• အသက်မွေးဝမ်းကျောင်း ပညာများ တတ်မြောက်မှု နည်းခြင်း<br>• ဈေးကွက်ဆိုင်ရာ နည်း ပညာကို မသိရှိခြင်း<br>• လုံလောက်သောရင်းနှီးငွေ မရရှိခြင်း<br>• စမ်းသပ်၊တီထွင်မှု၊ စွန့်စား တီထွင်မှု အားနည်းခြင်း<br>• အိမ်တွင်းတနိုင်တပိုင်ထုတ် လုပ်နိုင် မှုအားနည်းခြင်း<br>• အစု၊အဖွဲ့အလိုက်ပူးပေါင်း လုပ်ဆောင်မှု မရှိခြင်း | • စိတ်ပါဝင်စားသည့် လူငယ်၊ လူရွယ်များ ရှိခြင်း<br>• ငွေချေးသည့်အဖွဲ့အစည်း များရှိနေခြင်း (ပက်- မြန်မာ၊ သမဝါ ယမ၊ စသည်)<br>• အစိုးရဌာနဆိုင်ရာများ ဖွံ့ဖြိုးရေးအဖွဲ့အစည်း များနှင့်ချိတ်ဆက်မှုရှိခြင်း<br>• ပုသိမ်မြို့နှင့်(၁၁)မိုင်ခန့် သာကွာဝေးခြင်း<br>• စက်ရုံ၊အလုပ်ရုံအလုပ် များတွင် လုပ်ကိုင်နိုင် ခြင်း | • တနိုင်တပိုင်(သို့)အစုအ ဖွဲ့ဖြင့်ဆောင် ရွက်သော ကုန်ထုတ်လုပ်ငန်း များဆောင်ရွက် ရန်စွန့်စားတီထွင်လို စိတ်နည်းခြင်း<br>• မိရိုးဖလာ ကျဘမ်း အလုပ်ကိုသာအာရုံစိုက် ၍လုပ်ကိုင်ကြခြင်း<br>• လုပ်ငန်းစတင်လုပ် ကိုင်နိုင်သောချေးငွေကိုမ ရရှိခြင်း | • လမ်း၊ တံတားများ ကောင်းမွန်လာရန် ချိတ် ဆက် လုပ်ဆောင်ခြင်း<br>• လုံလောက်သောချေးငွေရ ရှိနိုင်မည့်အရင်းအမြစ် များနှင့် ချိတ်ဆက်ခြင်း<br>• အသက်မွေးဝမ်းကျောင်း သင်တန်းများပေးခြင်း<br>• စမ်းသပ်တီထွင်လုပ်ကိုင် မှုများကို အားပေးကူညီ ထောက်ပံ့ခြင်း<br>• ဈေးကွက်ဆိုင်ရာ နည်းပ ညာ သင်တန်းများပေး ခြင်း<br>• အစု၊အဖွဲ့နှင့်လုပ်ဆောင်နို င်ရန် ပျိုးထောင်ပေးခြင်း<br>• အိမ်တွင်းတနိုင်တပိုင်ထု တ်လုပ်ရောင်းချခြင်းလုပ် ငန်းများကို မြေတောင် မြှောက်ပေးခြင်း | ၄။ အလုပ်အကိုင် အခွင့်အလမ်း များပြား လာစေရေး<br>• ပြန်လည်လုပ်ကိုင် အသုံးချ နိုင်သော အသက်မွေးဝမ်း ကျောင်း သင်တန်းများ ပေးခြင်း<br>• တနိုင်တပိုင်ကုန်ထုတ်လုပ် ငန်းများ ဖွံ့ဖြိုး တိုးတက် လာ စေရန် အစဦး ပျိုးထောင် ပေးခြင်း<br>• ဈေးကွက်ဆိုင်ရာ နည်းပညာ သင်တန်းများ ပေးခြင်း<br>• အစုအဖွဲ့နှင့် လုပ်ဆောင် နိုင်ရန် ပျိုးထောင်ပေးခြင်း |

| စဉ် | အခက်အခဲ/ ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အခွင့် အလမ်း | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| ကဏ္ဍ - ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း | | | | | | |
| ၆။ | • စိုက်ပျိုးရေး သွင်းအားစုများ အတွက် ရင်းနှီး ငွေမတတ်နိုင်ခြင်း | • သွင်းအားစု အတွက် အရင်းအနှီးများအကြွေး များ အချိန်မီ ပြန်ဆပ်ရန် အတွက် စပါးများကို ကျဈေးနှင့် ရောင်းချရခြင်း<br>• ချေးငွေပမာဏ နည်းပါး ခြင်း<br>• ချေးငွေကာလ တိုတောင်း ခြင်း | • အသင့်တင့်မြေဩဇာ ကောင်းမွန်သော လယ် များ ရှိခြင်း<br>• မြန်မာလယ်ယာဖွံ့ဖြိုး ရေးဘဏ်မှ စိုက်ပျိုးရေး ချေးငွေ၊ သမဝါ ယမ မှ စိုက်ပျိုးရေး ချေးငွေ ၊ပက်မြန်မာ မှချေးငွေ တို့ကို လက်လှမ်းမီခြင်း | • စိုက်ပျိုးရေးကုမ္ပဏီများ မှ ဓါတ်မြေဩဇာ၊ မျိုး စေ့ စသည်တို့အတွက် လာရောက် ရင်းနှီးလုပ် ကိုင်ခြင်း မရှိသေးပါ။<br>• ချေးငွေကို အကန့် အသတ်ဖြင့်သာ ထုတ် ပေးသည့် စနစ်ကို လက်ရှိတွင် ကျင့်သုံး နေခြင်း။ | • အတိုးနှုန်းသက်သာပြီး ကာလရှည် ထုတ်ချေး ပေးနိုင်မည့်NGO/INGO အဖွဲ့အစည်းများ နှင့် ချိတ် ဆက်၍ ရင်းနှီး မတည်ငွေ ရရှိရန် ဆောင်ရွက်ခြင်း<br>• လုပ်ငန်းအပေါ်မူတည်၍ ချေးငွေပြန်လည်ပေးဆပ် မှု ပုံစံနှင့် ငွေပမာဏ သတ်မှတ်သော လုံ လောက်သော ချေးငွေ ရရှိနိုင်မည့် အရင်းအမြစ် များ နှင့် ဆွေးနွေး တိုင်ပင်ခြင်း | ၅။လုံလောက်သောချေးငွေပမာဏ အား သင့်တင့်သော အတိုးနှုန်း ဖြင့် ကာလရှည်ချေးငွေ ပေးနိုင် မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး<br>• အသက်မွေးဝမ်းကျောင်းလုပ် ငန်းပေါ်မူတည်၍ ထုတ်ချေး ပေးနိုင်မည့်ချေးငွေ ဌာန များနှင့် ချိတ်ဆက်ခြင်း<br>• ချေးငွေအတွက် လိုအပ် သော အထောက်အထားများ ပြင်ဆင်ခြင်း |
| ၇။ | • မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် ရင်းနှီး မတည်ငွေ မရှိခြင်း | • အတိုးနှုန်းသက်သာပြီး ကာလရှည် ထုတ်ချေး ပေးနိုင်မည့်အဖွဲ့မရှိခြင်း | • လယ်စိုက်ပျိုးရေးမှ တိရိ စ္ဆာန်အစားအစာ အလွယ် တကူ ရရှိနိုင် ခြင်း။<br>• ဝက်မွေးမြူရန် စိတ်ဝင် စားသော မိသားစုများ ရှိခြင်း။ | • စီးပွားဖြစ်မွေးမြူရန် ချေးငွေကို လက် လှမ်း မီမှု မရှိခြင်း<br>• ကာလရှည်ချေးငွေ အကူ အညီပေးရေး အဖွဲ့များ ဒေသတွင်း လုပ်ငန်း အကောင်အထည် မဖော် သေးခြင်း။ | | |
| ၈။ | • ရေလုပ်ငန်း အတွက် ရင်းနှီး မတည်ငွေ မရှိခြင်း | • အရင်းအနှီးစိုက်ထုတ်ပေး မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်နိုင်မှုအားနည်း ခြင်း | • ဝေန်မြစ်အတွင်း အလွယ် တကူ ငါးဖမ်း ဆီး နိုင်ခြင်း<br>• ကုန်ကျစရိတ် နည်းပါး | • ငါးဖမ်းရာသီ အကန့် အသတ်ရှိခြင်း။<br>• ကာလရှည်ချေးငွေ အကူ အညီပေးရေး | | |

| စဉ် | အခက်အခဲ/ ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အခွင့် အလမ်း | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| | | (NGO/INGO/DRD) | ခြင်း(၁.၅သိန်း၊၂သိန်း) | အဖွဲ့များ ဒေသတွင်း လုပ်ငန်းအကောင် အထည်မဖော်သေးခြင်း | | |
| ၉။ | • ဝင်ငွေတိုးလုပ်ငန်းများအတွက် ငွေအရင်းအနှီး မတတ်နိုင်ခြင်း | • လုံလောက်သော ရင်းနှီးငွေ မရရှိခြင်း | • ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် စိတ်အား ထက်သန်ခြင်း | • အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ယူရန် အခွင့်အလမ်း နည်းခြင်း | | |
| **ကဏ္ဍ-ပညာရေး** | | | | | | |
| ၁၀ | • ကျောင်းအဆောက်အဦမှာ ဟောင်းနေပြီး ဆရာ၊ဆရာမများနားနေခန်း မရှိခြင်း<br>• ကျောင်းအိမ်သာ မလုံလောက်ခြင်း<br>• ကျောင်းသုံးပရိဘောဂမလုံလောက်ခြင်း၊သင်ထောက်ကူ ပစ္စည်းများ မသုံးစွဲနိုင်ခြင်း<br>• အလယ်တန်းကလေးများအတွက်သွားလာရ ဝေးလံခြင်း | • ကျောင်းအဆောက်အဦး မှာ နှစ်(၃၀)ကျော်နေခြင်း<br>• တိုးတက်လာသော ကျောင်းသားဦးရေကြောင့် အခန်းများ မလုံလောက် ခြင်း<br>• အိမ်သာ(၃)ခန်းတွဲ (၁)လုံးသာရှိခြင်း<br>• စားပွဲများဟောင်းနွမ်းနေခြင်းနှင့် မလုံလောက်ခြင်း<br>• ကျောင်းသား(၆၀)ခန့်မှ အလယ်တန်းကျောင်းသို့ သွားရန်(၂)မိုင်အကွာ အဝေးသို့သွားတက်ရခြင်း | • ပညာရေးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။<br>• ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖွဲ့စည်းပြီးဖြစ်ခြင်း။ | • ကျောင်းပရိဘောဂများနှင့် အဆောက်အဦး အတွက် ငွေကြေးမတတ်နိုင်ခြင်း<br>• ကျေးရွာလူထု ဆောက်လုပ်ရန် နည်းပညာ မကျွမ်းကျင်ခြင်း။ | • ကျောင်းအဆောက်အဦး သစ်တည်ဆောက်ရန် သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်လုပ်ဆောင်ရန်<br>• (၂)ခန်းတွဲအိမ်သာဆောက်လုပ်ရန်<br>• ကျောင်းပရိဘောဂများ၊ သင်ထောက်ကူပစ္စည်းများထပ်မံဖြည့်ဆည်းရန်ချိတ်ဆက်လုပ်ဆောင်ခြင်း<br>• မူလွန်ကျောင်းအဖြစ်အဆင့်မြင့်ရန်တောင်းဆိုခြင်း | ၆။ ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက်လာစေရေး<br>• ကျောင်းအဆောက်အဦး အသစ် နှင့် နှစ်ခန်းတွဲ အိမ်သာ တည် ဆောက်ရန်<br>• ကျောင်းသုံးပရိဘောဂများ၊ သင်ထောက်ကူ ပစ္စည်းများ ထပ်မံဖြည့်ဆည်းပေးရန်<br>• မူလတန်းလွန်ကျောင်း အဆင့်မြင့်ရန်အတွက် မြို့နယ်အခြေခံပညာဦးစီးဌာနနှင့်ချိတ်ဆက်ရန် |

| စဉ် | အခက်အခဲ/ ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အခွင့် အလမ်း | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| **ကဏ္ဍ - ကျန်းမာရေး** | | | | | | |
| ၁၁ | • ကျေးရွာအတွင်း နာမကျန်းဖြစ်ရာတွင် လွယ်ကူနီးစပ်သော ဆေးပေးခန်းမရှိခြင်း<br>• အရေးပေါ်ကျန်းမာရေးဖြစ်ပေါ်လာပါက တတ်ကျွမ်းနားလည်သူ မရှိခြင်း | • ရွာအတွင်းကျွမ်းကျင်တတ်မြောက်သော သင်တန်းသား/သူ မရှိခြင်း<br>• အရံသားဖွား(၂) ဦး ရှိသော်လည်း ကျွမ်းကျင်မှုဆိုင်ရာ အားနည်းခြင်း | • ကျန်းမာရေးဌာနအဆောက်အဦး အတွက် ကျေးရွာမှ ငွေ၊ လုပ်အား ထည့်ဝင်နိုင်ခြင်း | • မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ဆက်သွယ်မှုအလှမ်းဝေးနေခြင်း။ | • ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန် နှင့် ကျန်းမာရေးဝန်ထမ်းများရရှိရန် ချိတ်ဆက် တင်ပြခြင်း<br>• တစ်နှစ်(၂)ကြိမ် ကျန်းမာရေးဗဟုသုတ ဟောပြောပွဲများပြုလုပ်ပေးခြင်း | ၇။ ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး<br>• ကျေးလက်ဆေးခန်း ဆောက်လုပ်နိုင်ရန်။<br>• ကျွမ်းကျင်သောကျန်းမာရေးဝန်ထမ်းများရရှိရန်။<br>• ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ စီစဉ်ရန် |
| **ကဏ္ဍ - သောက်သုံးရေရရှိရေး နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | | | | | | |
| ၁၂ | • ကျွဲ၊နွားတိရစ္ဆာန်များဝင်ရောက်နိုင်ခြင်း၊ လူကိုယ်တိုင်ဆင်းခပ်ခြင်းဖြင့် သန့်ရှင်းသောသောက်သုံးရေမရရှိခြင်း<br>• ကျေးရွာရှိအိမ်များ သောက်ရေကန်မှ ရေရရှိရန်လက်လှမ်းမီမှု မရှိခြင်း | • အကာအရံ မရှိသော မြေသားရေကန်ကို အသုံးပြုနေရခြင်း<br>• ရေကန်နှင့်ဝေးကွာ သ ဖြင့် ချောင်းရေကို သုံးစွဲနေရခြင်း။ | • ကျေးလက်ဦး/စီး ကဲ့သို့ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေ သော ဌာနရှိနေခြင်း<br>• ကျေးရွာမှလိုအပ်သော လုပ်အား ပါဝင်နိုင်ခြင်း | • ရေတိမ်တွင်း၊လက်နှိပ်တုံကင်တွင်းများမှာ သုံးရေ အတွက်သာ အဆင်ပြေပြီး သောက်ရေ မရရှိခြင်း | • မြေသားရေကန်အားခြံစည်းရိုးခတ်ပြီး ရေကန်အပြင်မှခပ်ယူသုံးစွဲနိုင်အောင်စက်နှင့်ရေလှောင်ကန်ပြုလုပ်ပေးခြင်း<br>• ၄ လက်မ စက်ရေတွင်း တူးဖော်၍ ရွာလုံးကျွတ်အသုံးပြုနိုင်ရန် စီစဉ်ပေးခြင်း။ | ၈။ သောက်သုံးရေသန့် လုံလောက်ရေး<br>• သောက်ရေကန်ခြံစည်းရိုး ခတ်ခြင်း၊ အုတ်ရေကန် တည်ဆောက်ပေးခြင်း။<br>• ၄ လက်မ စက်ရေတွင်း တူးဖော် ခြင်း နှင့် အုတ်ရေကန် တည်ဆောက်ခြင်း |
| **ကဏ္ဍ-လမ်း၊ တံတား** | | | | | | |

| စဉ် | အခက်အခဲ/ ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အခွင့် အလမ်း | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| ၁၃ | • ကျေးရွာတွင်းလမ်း၊ ရွာပတ်လမ်းများ ကောင်းမွန်မှု မရှိခြင်း | • မိုးများသောဒေသ ဖြစ်နေခြင်း<br>• မြေသားလမ်းဖြစ်နေခြင်း<br>• ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်း | • ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ လမ်း၊တံတား၊ စသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေခြင်း | • လမ်းခင်းနိုင်သည့် ကျွမ်းကျင်လုပ်သား နှင့် အတွေ့ အကြုံ မရှိခြင်း<br>• သက်ဆိုင်ရာ ဌာနမှ ပံ့ပိုးမှု နည်းနေခြင်း | • ကျေးရွာမှစုပေါင်း ဖြေ ရှင်းခြင်း<br>• ပံ့ပိုးပေးနိုင်မည့် အဖွဲ့ အစည်းများနှင့်ချိတ် ဆက်ဆောင်ရွက်ခြင်း | ၉။ပို့ဆောင်ရေး အခြေခံ အဆောက် အဦးများ တိုး တက်လာစေရေး<br>• ကျေးရွာတွင်းလမ်းနှင့်ချဉ်းကပ်လမ်းများ ကွန်ကရစ်လမ်း အဖြစ် အဆင့်မြှင့်တင်ခြင်း |
| **ကဏ္ဍ - လျှပ်စစ်မီးရရှိရေး** | | | | | | |
| ၁၄ | • ကျေးရွာရှိ အိမ်ထောင်စုတိုင်းလျှပ်စစ် မီးသုံးစွဲနိုင်ရန် အစီအစဉ်မရှိခြင်း | • ကျေးရွာတွင်းလျှပ်စစ်မီး ရောက်ရှိ နိုင်ရန် ဆောင်ရွက်နေခြင်း ကြောင့် အိမ်ထောင်စုတိုင်းမှ ငွေကြေးထည့်ဝင်နေရသဖြင့် ကုန်ကျစရိတ်များပြားနေခြင်း | • ကျေးရွာလျှပ်စစ်မီး လင်းရရှိ ရေးအတွက် နိုင်ငံတော်မှအလေးပေး ဆောင်ရွက်နေခြင်း | • ကျေးရွာမှထည့်ဝင်ရ မည့် ငွေပမာဏ များလွန်းနေခြင်း | • ကျေးရွာမီးလင်းရေး ကော်မတီမှဦးဆောင်၍ အိမ်ထောင်စု တိုင်း မီးလင်းနိုင်မည့် အစီအစဉ်များရေးဆွဲခြင်း | ၁၀။ ကျေးရွာမီးလင်းရေး အတွက် လုပ်ငန်း အကောင် အထည် ဖော်ခြင်းနှင့်ရေရှည် လည်ပတ်ရန် စနစ်တစ်ခု တည်ထောင်ရေး<br>• ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်<br>• အစိုးရဌာနဆိုင်ရာများထံတင်ပြတောင်းဆိုရန်<br>• ကျေးရွာမှ ထည့်ဝင်ငွေ များအား ကောက်ခံရန် |
| **ကဏ္ဍ-လူငယ်** | | | | | | |
| ၁၅ | • မူးယစ်ဆေးဝါးသုံးစွဲ (အရက်)သောက်သုံးသူ လူငယ်များ ရှိနေခြင်း | • မူးယစ်ဆေးဝါးသုံးစွဲ (အရက်)လွယ်ကူစွာဝယ်ယူရရှိ နေခြင်း | • ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သင်တန်းပို့ချနိုင်မည့် အဖွဲ့များနှင့် ဆက်သွယ်ပေးနိုင်ပါသည် | • ကျေးရွာလူထုသည် အစိုးရဌာနများနှင့် ဆက် သွယ်ဆောင်ရွက်သည့် အတွေ့အကြုံ နည်းပါးခြင်း | • ဥပဒေအရ တားမြစ် ခြင်း<br>• မူးယစ်ဆေးဝါးသုံးစွဲမှု လျော့ချရေးသင်တန်း ပေးခြင်း | ၁၁။ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး<br>• မူးယစ်ဆေးဝါး သုံးစွဲမှု လျော့ချရေး သင်တန်းပေးခြင်း<br>• မိုဘိုင်းကွန်ယက်သုံးစွဲမှု |

| စဉ် | အခက်အခဲ/ ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အခွင့် အလမ်း | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| ၁၆ | • လူငယ်များပြင်ပ ဗဟုသုတများရှာဖွေ ရန်အားနည်းနေခြင်း | • ခေတ်မီနည်းစနစ်များကို မသုံးစွဲတတ်ခြင်း | • ဖုန်းကွန်ယက် ကောင်းစွာ မိခြင်း<br>• ကုန်ကျစရိတ် အသင့်အ တင့်သာ ရှိခြင်း | • အတတ်ပညာ တတ် မြောက်မှု နည်း ခြင်း ကြောင့် ကောင်းစွာ အသုံးမချနိုင်ခြင်း | • လူငယ်ဖွံ့ဖြိုးမှုဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးရန် | နည်းပညာသင်တန်းပေးခြင်း<br>• ကျေးရွာပိုင် စာကြည့်တိုက် ထူထောင်ခြင်း |
| ၁၇ | • ကျေးရွာပိုင် စာကြည့် တိုက် မရှိခြင်း | • ဦးစီးဆောင်ရွက်မည့်သူ မရှိခြင်း<br>• စာဖတ်လေ့ နည်းခြင်း | • ပြန်/ဆက် ဌာန နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း<br>• အဆောက်အဦး အဆင် သင့် မရှိခြင်း | • စာကြည့်တိုက် လည် ပတ်မှုနှင့်ပတ်သက်သော အတွေ့အကြုံ မရှိခြင်း | • ပြန်/ဆက် ဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ရန် | |